# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

## ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၇၀၅၃ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ ဖတ်စရာ

ဆင်ခြင်မှုမဲ့ အများများကြားက မျှော်လင့်ချက်လမ်းစများ ..... ဆောင်းပါး စာ - ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ် ပြည်တွင်းသတင်း စာ - ၁၁

သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီ ပြတ်လပ်မှုကြောင့် တစ်လနီးပါးကြာ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်ဖွင့် နိုင်ငံတကာသတင်း စာ - ၁၃

# စနစ်တကျနှင့် စိုက်သမျှရှင်သန်

သစ်ပင်သစ်တောများ မရှိပါက မိမိတို့နေထိုင်ရာ မြေကမ္ဘာကြီးမှာ စကြဝဠာကြီးအတွင်းရှိ အခြားဂြိုဟ်များကဲ့သို့ပင် သက်ရှိဇီဝတို့ ဆိတ်သုဉ်းလျက် ချောက်ချားဖွယ်အတိ ဖြစ်နေမည် ဖြစ်သည်။ သစ်ပင်သစ်တောများကြောင့်သာ ကမ္ဘာကြီးသည် စိမ်းစိုသာယာလျက် လူသားတို့အပါအဝင် သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးစုံတို့ အပြန်အလှန် အမှီသဟဲပြုကာ ရှင်သန်နေထိုင်နေကြခြင်းဖြစ်သည်။ သို့ရာတွင် လူသားတို့၏ ပယောဂကြောင့် သစ်ပင်သစ်တောများမှာ တစ်စတစ်စလျော့နည်းပြုန်းတီးလျက်ရှိရာ ဇီဝမျိုးစုံမျိုးကွဲတို့၏ နေရင်းဒေသများ ပျက်စီးဆုံးရှုံးခြင်းနှင့်အတူ ဂေဟစနစ်များမှာလည်း ပျက်စီးသွားကြရသည်။ လူသားတို့အနေဖြင့် မိမိတို့ကြောင့် ပျက်စီးရသည့် သဘာဝပတ်ဝန်းကျင်များကို မိမိတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တာဝန်အရှိဆုံးဖြစ်သည့်အလျောက် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးတည်ထောင်မှု ပြုလုပ်ကြရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် နှစ်စဉ်မိုးရာသီကာလသည် မိုးရေကြောင့် မြေသားစိုစွတ်ပျော့ပျောင်းကာ သစ်ပင်စိုက်ပျိုးရန် လွယ်ကူသင့်တော်သည့်အားလျော်စွာ မိုးရာသီသစ်ပင်စိုက်ပွဲတော်များကို နိုင်ငံတစ်နံတစ်လျားတွင် ကျင်းပပြီး သိန်းနှင့်ချီသော သစ်ပင်များကို စိုက်ပျိုးသည့်အစဉ်အလာတစ်ရပ် ဖြစ်ထွန်းနေပြီဖြစ်သည်။ သို့ရာတွင် စိုက်ပျိုးပြီးသစ်ပင်များအားလုံး ရာနှုန်းပြည့် မဟုတ်သည့်တိုင် အထိုက်အလျောက် ရှင်သန်နိုင်ရန် ပြုစုပျိုးထောင်မှုများ ပြုလုပ်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဒေသများတွင် သစ်ပင်စိုက်ပျိုးမှု၏ ရလဒ်ကောင်းများကို သိသိသာသာ တွေ့ရှိနိုင်ခြင်းကြောင့် စိုက်ပျိုးသမျှ ရှင်သန်စေမည်ဆိုပါက သစ်ပင်သစ်တောများ တည်ရှိခြင်း၏ အကျိုးရလဒ်ကောင်းများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ) မိသားစုများ၏ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ “ တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမဟုတ်ဘဲ သစ်စေ့မှတစ်ဆင့် သန်စွမ်းသည့် ပျိုးပင်ဖြစ်စေရန် ပျိုးထောင်သည့်စနစ်၊ ယင်းပျိုးပင်ကို မြေချစိုက်ပျိုးသည့်စနစ်၊ စိုက်ပြီးသစ်ပင်များကို ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးကြရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့ရာ သစ်ပင်စိုက်ပျိုးပွဲတော်တိုင်းတွင် အထက်ပါအတိုင်း စနစ်တကျ စိုက်ပျိုးနိုင်သည်နှင့်အမျှ စိုက်သမျှ ရှင်သန်နိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် မိမိတို့နိုင်ငံသားတိုင်းက သစ်တောနှင့်သစ်ပင်ကို အမှန်တကယ် ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြပြီး သစ်ပင်ကို နှစ်စဉ်စိုက်ပျိုးကြရာတွင် စနစ်တကျနှင့် စိုက်သမျှရှင်သန်အောင် စိုက်ပျိုးနိုင်ကြသည်နှင့်အမျှ နိုင်ငံတစ်ဝန်း မြို့ရွာဒေသဟူသမျှ စိမ်းစိုသာယာလှပကာ ဥတုသပ္ပာယမျှတသည့် ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ကြမည် ကေန်မလွဲနိုင်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ( ၅ ) မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်တို့ပါဝင်သည့် အထူး အယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၂၈/ ၂၀၂၁ (ရန်ကုန်)၊ ၃၀/ ၂၀၂၁ (မကွေး)၊ ၃၂/ ၂၀၂၁ (မန္တလေး) နှင့် ၂၀/၂၀၂၂ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရားမှုမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင်စွဲဆိုသည့် တရားမမှုများနှင့် စပ်လျဉ်း၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ပြည်ထောင်စု တရားသူကြီးချုပ်ရုံးက အသိပေးထုတ်ပြန်ထားသည်။

သတင်းစဉ်

## မိုးထစ်ချုန်းမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။ မိုး/ဇလ

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဇူလိုင် ၂၅



ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။(အပေါ်ပုံ)

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ခရမ်းမြို့နယ် အ-ထ-က(၁) ၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ခရမ်း ဇူလိုင် ၂၅

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အ-ထ-က (၁) ကျောင်း စိန်ရတုခန်းမ၌ ပြုလုပ်သည်။(ဝဲပုံ)



ဟောပြောပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်လေးနွယ်က လူငယ်နှင့်ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အ-ထ-က(၁)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသစ်ကို အားကစားပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လူငယ်ရေးရာဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့် တက်ရောက်ကြောင်း၊ တက်ရောက်သူများကို အားကစားဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျွန်းပင် စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ကျွန်းပင် စိုက်ပျိုးပေးစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှသင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်တော၊ သစ်ပင်များ၏ ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံးတို့ အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟာကွင်းဆက်တစ်ခုပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပွဲတော်များပြုလုပ်လာသည်မှာ ဆယ်စုနှစ်တစ်ခုမကတိုင်ခဲ့ပြီဖြစ်ပြီး သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ နှစ်စဉ် မိုးရာသီရောက်တိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ကျင်းပကြကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများ၊ အဖွဲ့အစည်းများအလိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ သစ်တော၊ သစ်ပင်များ၏ ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံး အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟာကွင်းဆက်တစ်ခုပင်ဖြစ်ကြောင်း၊ လူနှင့်သတ္တဝါတို့ အသက်ရှင်ရပ်တည်ရေးအတွက် သစ်တော၊ သစ်ပင်များသည် အရေးပါလျက်ရှိကြောင်း၊ လူနှင့် သတ္တဝါတို့ကြောင့် ဖြစ်ပေါ်လာသည့် အဆိပ်အတောက်၊ ခတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးပြီး လူနှင့် သတ္တဝါတို့ အသက်ရှူသွင်းရန် အောက်ဆီဂျင်ခတ်ငွေ့ကို သစ်ပင်များက ထုတ်လွှတ်ဖြည့်ဆည်းပေးထားခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ သစ်စေ့မှတစ်ဆင့် သန်စွမ်းသည့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

- **စိုက်ပျိုးပြီးစီးခဲ့သည့် အပင်တိုင်းကို စတင်စိုက်ပျိုးပြီးချိန်မှစ၍ စဉ်ဆက်မပြတ် စောင့်ကြည့်သည့်စနစ် ထူထောင်သွားရမည်ဖြစ်ပြီး ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက်ဆောင်ရွက်**
- **သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးသွားကြရမည်**
- **စိုက်ပြီးသစ်ပင်များ ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များ နေရာ၌ အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စီမံစိုက်ပျိုး**

*စာမျက်နှာ ၃ မှ*

ပျိုးပင်ဖြစ်စေရန် ပျိုးထောင်သည့်စနစ်၊ ယင်းပျိုးပင်ကို မြေချစိုက်ပျိုးသည့်စနစ်၊ စိုက်ပြီးသစ်ပင်များကို ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အပင်စိုက်ပျိုးရန်အတွက် လုံလောက်သည့် မြေ နေရာ ရှိ/မရှိ၊ စိုက်ပြီးသည့်အပင်များ ပေါင်းမြက်၊ လောင်းရိပ်များ ရှင်းလင်းပေးမှု ရှိ/မရှိ၊ အပင်များအတွက် အစိုဓာတ်လုံလောက်မှုတမှု ရှိ/မရှိ၊ အပင်ရှင်သန်ကြီးထွားစဉ် စားသုံးရန်လုံလောက်သည့် မြေဩဇာပမာဏ ပြည့်/မပြည့် စသည့် အချက်များအထိ ထည့်သွင်းတွက်ချက် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

## သစ်ပင်စိုက်ပျိုးပွဲများ၏ အောင်မြင်မှုအကျိုးရလဒ်ကို ဆက်လက်ထိန်းသိမ်းကြရမည်

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၂၁ ခုနှစ်အထိ (၃၂)ကြိမ်၊ အပင်စုစုပေါင်း (၁၆၈၀၈၇)ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ပထမအကြိမ်၌ ၄၃၀၄ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှုအနေဖြင့် ၆၀ ရာခိုင်နှုန်းအောက်ရောက်သည့်နှစ် ၅ နှစ်သာရှိခဲ့ပြီး ကျန်နှစ်များအားလုံး အောင်မြင်ဖြစ်ထွန်းမှု ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် မှတ်တမ်းကောင်းများ ရရှိပိုင်ဆိုင်ထားကြောင်းနှင့် ယင်းမှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပသည့် သစ်ပင်စိုက်ပွဲတော်များတွင် ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့် ဒေသနှင့်ကိုက်ညီသင့်လျော်ပြီး တန်ဖိုးရှိသည့် အပင်မျိုးစိတ်များကို စနစ်တကျရွေးချယ်ပြီး အစီအစဉ်တကျ စိုက်ပျိုးနေကြောင်း။

## သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်နိုင်မည်

ထို့ကြောင့် မိမိတို့တပ်မတော်သားများမှအစပြု၍ မိမိတို့နိုင်ငံသားများအနေဖြင့် တစ်ဦးချင်း တစ်ယောက်ချင်းမှ အုပ်စုလိုက်၊ အဖွဲ့အစည်းလိုက်၊ ကျေးရွာလိုက်၊ မြို့နယ်လိုက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းသည့် အလေ့အထရှိသူများဖြစ်လာမည်ဆိုပါက တစ်နိုင်ငံလုံးသည် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင်မည်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဖြစ်လာမည်ဆိုပါက မိမိတို့နိုင်ငံသားများအနေဖြင့်လည်း သာယာနေပျော်ဖွယ်ကောင်းသည့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို မလွဲမသွေပိုင်ဆိုင်လာကြမည်ဖြစ်ကြောင်း၊ ကောင်းမွန်မျှတသည့် ရာသီဥတုနှင့် လတ်ဆတ်သန့်စင်သည့် လေကောင်းလေသန့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရကြမည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်ပြီး လူ့သက်တမ်းစေ့နေထိုင်နိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ်လည်း မလွဲမသွေရောက်ရှိလာကြမည်ပင်ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို သွယ်ဝိုက်သည့် နည်းလမ်းအသွယ်သွယ်ဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အပြင် တိုက်ရိုက်အကျိုးပြုခြင်းလည်း အများအပြားရှိနေကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများမှ ဒီရေတောများဆိုပါက လေထုအတွင်းမှ ကာဗွန်ဓာတ်ငွေ့ကို ဖယ်ထုတ်ပေးရာတွင် အဓိကအရေးပါပြီး အင်အားကြီးမားသည့် မုန်တိုင်းကြီးများ၏ သက်ရောက်မှုပြင်းအားကို လျှော့ချပေးနိုင်သည့်အပြင် ဦးတည်ရာအရပ်ပြောင်းလဲသွားရန်လည်း အထောက်အကူပြုနိုင်သည်ကို မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ကြရဖူးသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အထင်အရှားတွေ့မြင်ခဲ့ကြရပြီးဖြစ်ကြောင်း။

ကုန်းတွင်းပိုင်းဒေသများဆိုပါကလည်း သစ်တောသစ်ပင်များက မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်သောကြောင့် လယ်ယာကိုင်းကျွန်းမြေများ အောင်မြင်ဖြစ်ထွန်းခြင်း၊ မြေအောက်ရေကို ထိန်းသိမ်းပေးနိုင်ခြင်းတို့ကြောင့် ရေတွင်းရေကန်နှင့် သဘာဝစမ်းချောင်းများ တည်မြဲနေခြင်းဖြစ်ပြီး မြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်းနှင့် မိုးများ၍ မြေပြိုသည့်ဖြစ်စဉ်များအပေါ် တိုက်ရိုက်ကာကွယ်လျှော့ချပေးခဲ့သည်များကို သိမြင်မိကြမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်ဆိုခြင်းထက် အများအတွက်ဟူသည့် ကုသိုလ်စေတနာသဒ္ဓါတရားရှေ့ဆောင်ပြီး ပြုလုပ်အားထုတ်သည့် အလုပ်တစ်မျိုးဖြစ်သည့်အတွက် ဘာသာတရားပိုင်းအမြင်ဖြင့်လည်း ကောင်းမွန်သင့်မြတ်သည့် အလုပ်ဖြစ်ကြောင်း။

## စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုး

စိုက်ပျိုးပြီးစီးခဲ့သည့် အပင်တိုင်းကို စတင်စိုက်ပျိုးပြီးချိန်မှစ၍ စဉ်ဆက်မပြတ် စောင့်ကြည့်သည့်စနစ် ထူထောင်သွားရမည်ဖြစ်ပြီး ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပြီးသစ်ပင်များ ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာ၌ အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများ လုပ်ဆောင်ကြရသည့် အဓိကလုပ်ငန်းတာဝန်ကြီးသုံးရပ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ပါဝင်သည့် ပြည်သူ့သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၁၅၂ ပင်၊ ပျဉ်းကတိုး ၁၀၇၆ ပင်နှင့် အရိပ်ရလေကာပင် မန်ကျည်းရှား ၁၀၇၆ ပင်၊ စုစုပေါင်း ၄၃၀၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၇၀၅၃ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၉၅၀၃၈ ပင်ကို စိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၁၀၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၆၇၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၉၇၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၉၀၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၄၃၀၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၇၇၈၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၉၃၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၀၇၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၁၀၂၂ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၃၉၅ ပင်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၆၅၁၈ ပင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ၉၉၁၅ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၆၄၅၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၂၀၂၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း၌ စိုက်ပျိုးသည့် ၄၃၀၄ ပင် အပါအဝင် တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၉၅၀၃၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် e-Government စနစ် အကောင်အထည်ဖော်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ယခင် ကာလက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် e-ID ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခဲ့မှု၊ နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ ခန့်ထားဆောင်ရွက် ပေးမှု၊ e-ID စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းအား မိမိတို့နိုင်ငံမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ကြိုးပမ်းဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်အပေါ် အတွေ့အကြုံရှိပြီးဖြစ်သည့် အိန္ဒိယနိုင်ငံမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်အား ကာလတို ငှားရမ်းအသုံးပြုနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ၂၀၂၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ရာ၌ GIS စနစ်အတွက် အိန္ဒိယနိုင်ငံမှ အကြံပေးပုဂ္ဂိုလ်ကာလတို ငှားရမ်းအသုံးပြုနိုင်ရန် အကူအညီပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံမှ မိမိတို့ဌာနလုပ်ငန်းများအတွက် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်နှင့် အကြံပေးပုဂ္ဂိုလ်များအား ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာအကြံဉာဏ်များ ပံ့ပိုးကူညီပေးနိုင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပြည် ဇူလိုင် ၂၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ ယနေ့နံနက် ၉ နာရီက ပြည်တက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသော ဘာသာရပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲ၏ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘူမိဗေဒ (အထူးပြု) ဘာသာရပ်အသင်းက သင်္ချာ (အထူးပြု)ဘာသာရပ်အသင်းအား ခုနစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုတံခွန်စိုက်ဖလား ဗိုလ်စွဲရရှိကာ သင်္ချာ (အထူးပြု) ဘာသာရပ်အသင်းက ဒုတိယဆုနှင့် ပထဝီ (အထူးပြု) ဘာသာရပ်အသင်းက တတိယဆုတို့ကို အသီးသီးရရှိခဲ့သည်။ အလားတူ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုကို သတ္တဗေဒ (အထူးပြု) ဘာသာရပ်အသင်း၊ ဒုတိယဆုကို ရူပဗေဒ (အထူးပြု) ဘာသာရပ်အသင်းနှင့် တတိယဆုကို သန္တာဆောင်အသင်းတို့က အသီးသီး ရရှိခဲ့သည်။

အဆိုပါ ဆုအသီးသီးဆွတ်ခူးရရှိခဲ့သော အမျိုးသား/အမျိုးသမီး ဖူဆယ် ဘောလုံးအသင်းများမှ တစ်ဦးချင်း အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု အစရှိသည့် တစ်ဦးချင်း အကောင်းဆုံး အားကစားသမားဆုများနှင့် ပထမဆုတံခွန်စိုက်ဖလားဆုတို့ကို ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သက်လွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်နှင့် တာဝန်ရှိသူများက အသင်းအလိုက် အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည်တက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲကို ပြည်တက္ကသိုလ်ရှိ ဖူဆယ်ဘောလုံးကွင်း၌ အထူးပြုဘာသာရပ်ပေါင်းစုံမှ အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း သုံးသင်း၊ စုစုပေါင်း ၁၃ သင်းတို့ဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ ခြောက်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ယင်းတက္ကသိုလ်မှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(အထူး) အမှတ်စဉ်(၂) ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၅**

မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(အထူး) (Course on Fire Safety Management for Government Officials) အမှတ်စဉ်(၂) ကိုနေပြည်တော်ဒက္ခိဏခရိုင်ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ရက်သတ္တပတ်သုံးပတ်ကြာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၅၃ ဦးကို မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအပါအဝင် မီးလောင်မှုအခြေခံ သဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်းနှင့် အတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းများ၊ အခြေခံမီးငြိမ်းသတ်နည်းစနစ်များ၊ မီး၊ ရေနှင့် အပူတို့၏ အခြေခံသဘောတရားများ၊ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးစီမံချက် (Emergency Response Plan) ရေးဆွဲခြင်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်း အတန်းအစား ခွဲခြားခြင်းများ၊ ရုံး/ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးများ၊ ကျေးလက်/ မြို့ပြ မီးဘေးလုံခြုံရေးများ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်များ၊ အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်စက်ကလေး လေ့ကျင့်ခန်းများ စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး မီးသတ်ယာဉ်/ စက်ယန္တရားများဖြင့် သရုပ်ပြခြင်းများကို မီးသတ်ဦးစီးဌာနရှိ အရာရှိကြီးများက သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းအား ပြည်ထောင်စုဝန်ကြီးဌာန ရုံးများနှင့် ဌာနဆိုင်ရာ ရုံး/ အဆောက်အအုံများ မီးဘေးလုံခြုံမှုရှိစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့်အနှောင့်အယှက် အဟန့်အတားဖြစ်သော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဝင်း**



# ဆင်ခြင်မှုမဲ့ အမှားများကြားက မျှော်လင့်ချက်လမ်းစများ .....

မြင့်မြတ်

**သေချာတွေးကြည့်ရင် အနောက်ဥရောပနိုင်ငံတွေ၊ အီးယူနိုင်ငံတွေအပေါ် မိတ်ဆွေ မပီသတဲ့နိုင်ငံ၊ တစ်နည်း ရန်သူလို့ ဆိုနိုင်လောက်တဲ့ နိုင်ငံဟာ အမေရိကန် ကိုယ်တိုင်ပဲလား။ မြင်ကြည့်ဖို့လိုပါမယ်။ အခုပဲကြည့်လေ စစ်ပွဲကြားကပဲ မျှော်လင့်ချက်သစ်တစ်ခုလား၊ ငြိမ်းချမ်းရေး ရောင်ခြည်လေလား။ ရှားရှားပါးပါး ရုရှားအစိုးရနဲ့ ယူကရိန်းအစိုးရအကြား တူရကီနိုင်ငံ အစ္စတန်ဘူလ်မှာ လက်မှတ်ရေးထိုး သဘောတူညီချက်တစ်ခုကို ၂၂ - ၇ - ၂၀၂၂ ရက်နေ့က ပြုလုပ်နိုင်ခဲ့တယ်လို့ သိရပါတယ်။**

အဓိကက နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံနဲ့ ကုလသမဂ္ဂတို့ရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုတွေနဲ့အတူ ယူကရိန်းပြည်သူတွေနဲ့ အနောက်ဥရောပအပါအဝင် ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာရဲ့ အငတ်ဘေး မဆိုက်ရောက်နိုင်ရေး ကြိုးပမ်းလိုက်ကြရတဲ့ အသီးအပွင့်တစ်ခုဟာ ယခုအခါ ပေါ်ထွက်လာပြီလို့ ဆိုနိုင်ပါတယ်။

**အငတ်ဘေးဖြေရှင်းနိုင်မယ့် ရုရှား - ယူကရိန်းသဘောတူညီမှုတစ်ခု**

ဒီသဘောတူညီချက်က ကမ္ဘာ့ပြည်သူတွေအတွက် လိုအပ်နေတဲ့ ယူကရိန်းရဲ့ ဆန်၊ ဂျုံ၊ ပြောင်း ရိက္ခာနဲ့ စားသောက်ကုန်တွေကို ပင်လယ်နက် ထွက်ပေါက်ကတစ်ဆင့် လွတ်လွတ်လပ်လပ် တင်ပို့နိုင်ဖို့ လမ်းပွင့်သွားစေခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် သပိတ်မှောက် sanction အလုပ်ခံထားရတဲ့ ရုရှားကုန်စည်တွေလည်း ပြန်လည် တင်ပို့လို့ရပြီဆိုတဲ့သဘောကို တွေ့ရပါတယ်။ ဒါကြောင့် SWIFT ဆိုတဲ့ နိုင်ငံတကာ ငွေပေးချေလွှဲပြောင်းနိုင်တဲ့ ကွန်ရက်စနစ်ကနေ ရုရှားဘဏ်တွေကို ဖယ်ထုတ်ပိတ်ဆို့ထားရာက ရုရှားကိုပြန်ပြီး ခွင့်ပြုရတော့မှာဖြစ်ပါတယ်။

ရုရှားဘဏ်တွေ ban ခံထားရတဲ့အတွက် ရုရှားရဲ့ ပို့ကုန်သွင်းကုန်တွေအတွက် ငွေပေးငွေယူ အချေးအငှား ရှင်းနှီးမြှုပ်နှံမှုတွေမှာလည်း အတော်အထိနာခဲ့ရတယ်။ ဒါကြောင့်လည်း ဒီလိုသက်ရောက်မှုအပေါ် တန်ပြန်သက်ရောက်မှုတွေက ကြီးမားခဲ့ရတာပါ။ အားလုံးလည်း ထိခိုက်ခဲ့ရပါတယ်။ အခုတော့ ထိခိုက်မှုတွေကို ကုစားဖို့ သင်ခန်းစာရကြပြီထင်ပါရဲ့။ ဒါကို အမေရိကန်ကလည်း သဘောတူတယ်ဆိုတော့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာ တိုးတက်မှုတစ်ခုလို့တော့ ဆိုနိုင်လောက်ပါတယ်။

အင်္ဂလိပ်အခက် - ဗမာအချက် ဆိုသလိုပါပဲ။ SWIFT နဲ့ အလုပ်မဖြစ်တဲ့ ရုရှားနိုင်ငံအဖို့ တရုတ်နိုင်ငံရဲ့ CIPS နယ်ခြားဖြတ်ကျော်ငွေပေးချေတဲ့စနစ်တစ်ခုကိုတော့ မဖြစ်မနေသုံးစွဲရတော့မယ်လို့ သုံးသပ်နေကြပါပြီ။ ဘာပဲဖြစ်ဖြစ် ဒါဟာလည်း တိုးတက်မှုလမ်းအသစ်တစ်ခုအနေနဲ့ ထွက်ပေါ်လာနေပြီလို့ ဆိုနိုင်ပါတယ်။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ သတိပေးချက်**

အမေရိကန်က မီးမွှေးလို့ ဖြစ်ရတဲ့စစ်ပွဲမှာ ကြားခံ proxy ဖြစ်ရတဲ့ ယူကရိန်းနိုင်ငံနဲ့ ယူကရိန်းအစိုးရအပါအဝင် ကမ္ဘာကြီးဟာ စစ်ရဲ့ အဓိက တရားခံကို မြင်သင့်နေပါပြီ။ အမေရိကန်ရဲ့နောက်ကလိုက်ပြီး ကြိုးဆွဲရာကမိတဲ့ အီးယူတစ်သိုက်အနေနဲ့လည်း ကြီးမားလှတဲ့ အဆုံးအရှုံးများနဲ့အတူ သင်ခန်းစာရသင့်နေပါပြီ။ အမေရိကန်ခေါင်းဆောင်တွေနဲ့ နေတိုးအဖွဲ့ဟာ ရုရှားနဲ့ မပြီးဆုံးနိုင်တဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေကိုချပြပြီး ယူကရိန်းမှာ ဆင်ခြင်တုံတရားမဲ့တဲ့ စစ်ပွဲကို ဖန်တီးခဲ့ကြပါတယ်။

ဒီလိုဖြစ်လာနိုင်တယ်လို့လည်း လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာက ကြိုတင်သတိပေးပြီးသားပါ။ ဒီလိုသာ အဆင်အခြင်မဲ့ ဆက်ပြီး ထိပ်တိုက်ရင်ဆိုင်တဲ့လမ်းကို ဆက်သွားနေကြမယ်ဆိုရင် အမေရိကန်နဲ့ တရုတ်ကြားမှာလည်း ယူကရိန်းစစ်ထက်ပိုကြီးမားတဲ့ ပဋိပက္ခကြီးတွေ ဆက်တိုက်ဖြစ်လာနိုင်တယ်လို့ အသက် ၉၉ နှစ်ရှိ နိုင်ငံရေးသုခမိန်ကြီး ကစ်ဆင်ဂျာက လွန်ခဲ့တဲ့ သုံးရက်ခန့်က ထပ်မံသတိပေးခဲ့ပြန်ပါပြီ။ ဒီအချက်ကို သမ္မတ ဂျိုးဘိုင်ဒင်နဲ့ သူ့ရဲ့အစိုးရအရာရှိတွေ အလေးအနက်ထားသင့်ပါတယ်။

ဘာကြောင့် ဒီလို နိုင်ငံရေးသုခမိန်ကြီးရဲ့ သတိပေးချက်ကို ပြောရသလဲဆိုတော့ အမေရိကန်အနေနဲ့ ယူကရိန်းစစ်ပွဲမှာ သူထင်သလိုမဖြစ်၊ သူ့ရဲ့ဩဇာက ကမ္ဘာမှာ ကျဆင်းနေ၊ ပြည်တွင်းမှာလည်း သမ္မတ တစ်ယောက်အပေါ် ပြည်သူရဲ့ထောက်ခံမှု အနိမ့်ဆုံးဖြစ်၊ စီးပွားရေး၊ နိုင်ငံရေး ကမောက်ကမတွေနဲ့ လုပ်တိုင်းမဖြစ် ထင်တိုင်းမပေါက်တဲ့အခြေအနေမှာ အရှုံးကို အဖတ်ဆယ် အာရုံပြောင်းလှည့်လာတာက အာရှတိုက်ဘက်ဖြစ်နေတယ်။ တရုတ်နဲ့ ထိုင်ဝမ်ကို ဆက်ပြီးမီးမွှေးမယ့်အနေအထားတွေကို တွေ့လာရပါတယ်။ ဒီလိုအခြေအနေများကြားမှာပဲ နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ သတိပေးမှုနဲ့အတူ ယခုလို ယူကရိန်းနဲ့ ရုရှားကြား သဘောတူညီမှုသေးသေးလေးကို ကြားသိရခြင်းဟာဖြင့် ကမ္ဘာ့ပြည်သူတွေအတွက် မျှော်လင့်ချက် ရေးရေးလေးတစ်ခု တွေ့လိုက်ရသလိုပါပဲ၊ အားတက်စရာလည်း ဖြစ်ခဲ့ပါတယ်။

**အင်္ဂလန်ဝန်ကြီးချုပ်ဟောင်းရဲ့မှတ်ချက်ကလည်း သတိပြုစရာ**

အမေရိကန်နဲ့ အနောက်အုပ်စုတို့ ထင်သလိုဖြစ်မလာဘူးလို့ ဘာကြောင့်ပြောရသလဲဆိုတော့ ဒီအချက်ကို အင်္ဂလန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲရဲ့ ပြောစကားက သက်သေခံနေလို့ဖြစ်ပါတယ်။ ဇူလိုင်လ ၁၈ ရက်နေ့က လန်ဒန်ဖိုရမ်တစ်ခုမှာ ဝန်ကြီးချုပ်ဟောင်းရဲ့ ပြောစကားမှာပါဝင်တဲ့ အနောက်အုပ်စုရဲ့ လွှမ်းမိုးမှုဟာ နိဂုံးချုပ်ပြီဖြစ်ပြီး တရုတ်နဲ့ ရုရှားဟာ ပူးပေါင်းမိပြီး ကမ္ဘာကိုလွှမ်းမိုးလာတော့မယ်၊ ကမ္ဘာကြီးဟာ အမေရိကန်နဲ့အနောက်အုပ်စုအလိုကျ world order ဖြစ်နေတဲ့ uni- polar ကနေ Bi- polar သို့မဟုတ် multi- polar အထိ အရှေ့တွေ တွေ့နေရပြီဆိုတဲ့မှတ်ချက်ဟာ အမေရိကန်နဲ့ အနောက်အုပ်စုအတွက် သတိပေးတပ်လှန့်သံတစ်ခု ဖြစ်နေပါတယ်။

> **ဘာပဲဖြစ်ဖြစ် ယခုလို စီးပွားရေးကျဆင်းနေတဲ့အချိန်၊ စစ်ပွဲတွေနဲ့ မပြီးဆုံးသေးတဲ့ ကိုဗစ်ကပ်ကြီးနဲ့အတူ မသေချာမရေရာမှုတွေ ပြည့်နေတဲ့အချိန် ယခုလို အကျပ်အတည်းကာလတစ်ခုမှာ၊ တစ်ပါးနိုင်ငံအပေါ်မှာ အနှောင်အဖွဲ့ကင်းကင်း အမှီအခိုနည်းနိုင်သမျှ နည်းစွာနဲ့ ရပ်တည်နိုင်မှသာလျှင် မိမိတို့ရဲ့မူဝါဒတွေကို လွတ်လွတ်လပ်လပ် ချမှတ်နိုင်တဲ့ သေချာတဲ့အခွင့်အရေးဆီ ရွေးရှုလို့ရနိုင်တယ်ဆိုတာ ဒီစစ်ပွဲကနေ သင်ခန်းစာယူရပါလိမ့်မယ်**

ဒါပေမယ့် ဒီလိုဖြစ်လာရင်လည်း စိုးရိမ်စရာတစ်ခုတော့ မဟုတ်ပါဘူး၊ ကမ္ဘာကြီးကို နိုင်ငံအားလုံးပါဝင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ကြမယ့် အရှေ့ဟာ သူတစ်လူ ငါတစ်မင်း တစ်ဦးတည်းကြီးစိုးပြီး မောက်မာလွှမ်းမိုးတဲ့ လမ်းစဉ်ထက်တော့ ပိုကောင်းမယ်လို့ ယူဆနိုင်လို့ ဖြစ်ပါတယ်။

**အဆင်အခြင်မဲ့အမှားက သက်ရောက်မှုပိုကြီးမား**

ရုရှား - ယူကရိန်းစစ်ရဲ့ ကမ္ဘာကြီးအပေါ် သက်ရောက်မှုတွေက ကြီးမားလွန်းလှပါတယ်။ ရုရှားအနေနဲ့တော့ ၂၀၁၄ ခုနှစ် ကရိုင်းမီးယား အရေးပြီးကတည်းက အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ပိတ်ဆို့မှုကို ရင်ဆိုင်ရင်း အကောင်းဆုံးဖြစ်အောင် ကြိုတင် ပြင်ဆင်ထားခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ စီးပွားရေးပိတ်ဆို့မှုမှန်သမျှ ခံနိုင်ရည်ရှိရှိနဲ့ တုံ့ပြန်နိုင်အောင် အဖြေရှာပြီး ဒေါ်လာအပေါ် မှီခိုမှုနည်းနိုင်သမျှနည်းအောင် ပြင်ဆင်ထားပုံရပါတယ်။ နိုင်ငံခြားငွေနဲ့ ရွှေကို အရန်ငွေအဖြစ် စံချိန်တင်ထားပြီး ရူဘယ်လ် တန်ဖိုးကျမသွားအောင်ထိန်းထားနိုင်တာ တွေ့ရပါတယ်။ ဒီလိုပြဿနာတွေကို ဗျူဟာကျကျ ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းတဲ့ နိုင်ငံငယ်တွေ အထူးသဖြင့် ဆင်းရဲတဲ့နိုင်ငံတွေဟာ ပိုပြီးခံစားရပါတယ်။ နိုင်ငံငယ်တွေ ပိုထိတယ်ဆိုပေမယ့်လည်း နိုင်ငံကြီးတွေလည်း မလွတ်ပါဘူး။

အထူးသဖြင့် ရုရှားကို အလုံးစုံနီးပါး ပိတ်ဆို့ခဲ့တဲ့ EU ရဲ့ ဗျူဟာအမှား၊ အဆင်အခြင်မဲ့အမှား၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတဲ့သဘောတရားကို မေ့ဟဖုံးနေတဲ့ အနောက်အုပ်စုခေါင်းဆောင်တွေ သတိလက်လွတ်ဖြစ်သွားပုံရပါတယ်။ ဟန်ဂေရီနိုင်ငံကလွဲပြီး ဆိုးကျိုးသက်ရောက်နိုင်မှုတွေကို တွက်ချက်နိုင်ခဲ့ပုံမရကြဘူး။ အမှန်လည်း အံ့ဩစရာကောင်းလှပါတယ်၊ စွမ်းအင်အမြောက်အမြားပိုင်ဆိုင်ထားတဲ့ အင်အားကြီးနိုင်ငံတစ်နိုင်ငံကို ပိတ်ဆို့ပြီး ပြဿနာရှာရင် ဖြစ်လာမယ့်နောက်ဆက်တွဲတွေကို ရုရှားရဲ့ စွမ်းအင်ကို ၃၈ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းလောက်အထိ မှီခိုနေရတဲ့ ၂၇ နိုင်ငံသော အနောက်နိုင်ငံတွေ မတွက်ဆမိတာ အမှားကြီးမှားတာပါပဲ။ အထူးသဖြင့် ဂျာမနီနဲ့ အီတလီပေါ့၊ ယခုတော့ စွမ်းအင်ငတ်မွတ်မှု ပြဿနာနဲ့အတူ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာနဲ့ ကုန်ဈေးနှုန်းတွေ မတန်တဆကြီးမြင့်မှုဒဏ်တွေကို ကမ္ဘာ့ပြည်သူတွေ ခါးစည်းခံနေကြရပြီဆိုတာ လက်တွေ့မြင်နေရပြီဖြစ်လို့ပါပဲ။

**အကျပ်အတည်းကာလမှာ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တာ အကောင်းဆုံး**

ဒ့ါအပြင် စစ်ကြောင့်ဒုက္ခသည်တွေ အရေးလည်း ရှိပါသေးတယ်။ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကက ဒုက္ခသည်တွေအပြင် ယခု ၇ သန်းခန့်အထိ တိုးပွားလာနေတဲ့ ယူကရိန်းဒုက္ခသည်တွေအရေးပါ တနင့်တပိုးကြီးထမ်းပိုးရတော့မယ့် EU နိုင်ငံတွေရဲ့ အနေအထားဟာ ရင်လေးစရာပါပဲ။ အံ့ဩရတာက ဒီလိုနောက်ဆက်တွဲပြဿနာတွေ ဖြစ်လာနိုင်မယ့်အရေး အနောက်ဘက်က နိုင်ငံရေးသုခမိန်တွေ မစဉ်းစားမိကြဘူးလား၊ မစဉ်းမိတာမဟုတ်၊ အမေရိကန်ရဲ့ အရိပ်အောက်မှာ မှီခိုနေရပြီး အမှောင်ဖုံးနေကြလို့သာ မစဉ်းစားနိုင်ကြတာ ဖြစ်မယ်လို့ တွေးမိပါတယ်။

ဘာကြောင့် ဒီနိုင်ငံတွေဟာ အမေရိကန်ကြီးကို ဒီလောက်အမှီသဟဲပြုနေရသလဲ။ ဖြစ်နိုင်တဲ့ အချက်တစ်ချက်က အထင်ကြီးလောက်စရာ ကမ္ဘာ့စူပါ ပါဝါကြီးဆိုတဲ့အချက်နဲ့ ငါတို့နိုင်ငံမှာ ဘယ်လိုအခက်အခဲပဲရှိရှိ ဒီစူပါပါဝါကြီးက အားလုံးကို ဖြေရှင်းပေးနိုင်စွမ်းတယ်လို့ ယုံကြည်နေတာရယ်၊ နောက်တစ်ချက်က နိုင်ငံအတော်များများအပေါ်မှာ အမေရိကန်ဘက်က ပေးဆပ်ဖို့တင်ရှိနေတဲ့ အကြွေးတွေ ပြန်မရမှာ စိုးရိမ်နေရတဲ့အချက်တွေကြောင့် ဒီနိုင်ငံတွေဟာ အမေရိကန်ပြောသမျှ လိုက်လုပ်နေရတဲ့အခြေအနေမှာ မှီခိုနေရတာ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ယခုလို စီးပွားရေးကျဆင်းနေတဲ့အချိန်၊ စစ်ပွဲတွေနဲ့ မပြီးဆုံးသေးတဲ့ ကိုဗစ်ကပ်ကြီးနဲ့အတူ မသေချာမရေရာမှုတွေ ပြည့်နေတဲ့အချိန် ယခုလို အကျပ်အတည်း ကာလတစ်ခုမှာ၊ တစ်ပါးနိုင်ငံအပေါ်မှာ အနှောင်အဖွဲ့ကင်းကင်း အမှီအခိုနည်းနိုင်သမျှ နည်းစွာနဲ့ ရပ်တည်နိုင်မှသာလျှင် မိမိတို့ရဲ့မူဝါဒတွေကို လွတ်လွတ်လပ်လပ် ချမှတ်နိုင်တဲ့ သေချာတဲ့အခွင့်အရေးဆီ ရွေးရှုလို့ရနိုင်တယ်ဆိုတာ ဒီစစ်ပွဲကနေ သင်ခန်းစာယူရပါလိမ့်မယ်။

**စီးပွားရေးဆိုးကျိုးသက်ရောက်မှုမှ နိုင်ငံရေးအနုတ်လက္ခဏာသို့**

သက်ရောက်မှုက စီးပွားရေးတစ်ခုမှာတင်မပြီးပါဘူး၊ စီးပွားရေးနဲ့အတူ နောက်ဆက်တွဲ နိုင်ငံရေးအပေါ် ဆိုးကျိုးသက်ရောက်မှုတွေကိုလည်း မြင်နေခဲ့ရပါပြီ။ အနောက်အုပ်စုက အချို့နိုင်ငံတွေရဲ့

*စာမျက်နှာ ၇ သို့*

# စပါးနှင့် ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းပြီး ရက်တိုသည့်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်

ပဲခူး ဇူလိုင် ၂၅

**စပါးနှင့် ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းပြီး ရက်တိုသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ လယ်မြေများတွင် မြေလွတ်မြေလပ်မရှိစိုက်ပျိုးသွားရန်နှင့် နွေစပါး စိုက်ပျိုး၍ မရသည့်နေရာများတွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က ပြောကြားသည်။**



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၉/၂၀၂၂) တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ စိုက်ပျိုးနည်းစနစ်သရုပ်ပြခြင်းနှင့် သွင်းအားစုများ အချိန်မီရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်သုံးသီး တိုးချဲ့စိုက်ပျိုးမည့်နေရာများတွင် စိုက်ပျိုးသီးနှံအလိုက် အချိန်မီစိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ရာတွင် လက်တွေ့သရုပ်ပြသမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နွားမွေးမြူသူများနှင့် ချိတ်ဆက်၍ နေဗီယာမြက်စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ခေတ်မီစံပြကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာသုံးရွာကို ခေတ်မီစံပြကျေးရွာ ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာကို ဦးစားပေးအသုံးပြုရန်လိုကြောင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငွေးပင်(စံပြ)ကျေးရွာ၏ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ စုပေါင်းလယ်ယာ စနစ်ဖြင့် ဆောင်ရွက်နေသည့် အသင်းသား တောင်သူ ခြောက်ဦး ပိုင်ဆိုင်သည့် လယ်မြေခုနစ်ဧကတွင် GW 11 အထွက်ကောင်း မျိုးစပါးများ အစေ့ချ(စီဒါ) စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူ ဒေါ်ခင်မြင့်ရွှေ၏ လယ်မြေ ၁ ဒသမ ၂၅ ဧကတွင် အဖွဲ့ဝင်များနှင့်အတူ ကြဲပက်စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီ သဘာဝမြေသြဇာ စက်ရုံသို့ ရောက်ရှိပြီး စမ်းဝတီသဘာဝမြေသြဇာကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ပတ်ဝန်းကျင် ကျေးရွာများ၊ မြို့နယ်များသို့ ဖြန့်ဖြူးပေးနေမှု၊ စမ်းဝတီ နွားမွေးမြူရေးခြံရှိ နွားကောင်ရေ ၄၀၀ ကျော် မွေးမြူထားရှိမှုနှင့် သဘာဝမြေသြဇာသုံး တီကောင်များ မွေးမြူထားမှုနှင့် စမ်းဝတီဘက်စုံသုံး အရောင်းဆိုင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သော်မှော်ကုန်း (စံပြ)ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံပြီး စံပြကျေးရွာစီမံကိန်း အောင်မြင်ရေးအတွက် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ အချိန်မီပြီးစီးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဦးမြင့်သိန်း ဦးဆောင်သော မွေးမြူရေး သမဝါယမ အစုအဖွဲ့၏ CP ဝက်အကောင် ၂၀ မွေးမြူဆောင်ရွက်နေမှု၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ နွားမွေးမြူရေး အစုအဖွဲ့၏ ဒေသနွားမျိုးများ မွေးမြူ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အထင်ကရခေါင်းဆောင်တွေ ပြုတ်ကျနေပါတယ်။ ရုရှားကို အပြင်းထန်ဆုံး ဝေဖန်တိုက်ခိုက်ပြီး အမေရိကန်ကို အထောက်ခံဆုံး အင်္ဂလန်ဝန်ကြီးချုပ် ပြုတ်ကျသွားခဲ့ရပါပြီ။ EU ကို ပြန်လည်ကယ်တင်ရေး အကျိုးဆောင်ကြီး အီတလီဝန်ကြီးချုပ်လည်း နုတ်ထွက်ခဲ့ရပါတယ်။ အက်စ်တိုးနီးယားဝန်ကြီးချုပ်လည်း ရာထူးစွန့်ခဲ့ရပါပြီ။

အီတလီဝန်ကြီးချုပ် နုတ်ထွက်ခဲ့ရခြင်းဟာ ၈ ဒသမ ၃ ရာခိုင်နှုန်းခန့် ငွေဖောင်းပွမှုမြင့်တက်နေတဲ့ EU တစ်ဖွဲ့လုံးကို လှိုင်းလေထန်သွားစေတယ်လို့ဆိုပါတယ်။ အစိုးရများသာမက နိုင်ငံသားတွေဟာ သူတို့ရဲ့လူမှုစီးပွားဘဝတွေ ပျက်သုဉ်းမှာကို ကြောက်နေကြရတယ်ဆိုတာ သိသာပါတယ်။ စီးပွားမလှရတဲ့ကြားထဲ သူတို့နိုင်ငံတွေပါ စစ်ပွဲထဲပါဝင်လာပြီး လုံခြုံရေးအရ လုံလုံခြုံခြုံမရှိလှတဲ့ အခြေအနေဆိုးကို ရင်မဆိုင်ရဲကြပါဘူး။ တောင်အာရှက သီရိလင်္ကာဆိုရင်လည်း စီမံခန့်ခွဲမှုအမှားတွေနဲ့ စီးပွားရေးပြိုလဲပြီး တစ်ဆက်တည်း နိုင်ငံရေးကတိမ်းကပါးနဲ့ သမ္မတပါ သူ့နိုင်ငံကို စွန့်ခွာရတဲ့ဘဝ ရောက်သွားရရှာပါတယ်။

**မလုံခြုံဘူးလို့ခံစားလာရတဲ့ နိုင်ငံများကနိုင်ငံသားတွေရဲ့ဆန္ဒ ဖွင့်ဟပြ**

ကိုယ့်ရဲ့လုပ်ဆောင်ချက်ကြောင့် ကိုယ့်ဆီပြန်လာမယ့် တန်ပြန်ရိုက်ခတ်မှုကို ကြိုတင်တွက်ဆထားမှုမရှိခြင်းဟာ မိုက်မဲမှုတစ်ခုပါပဲ။ ရုရှား-ယူကရိန်းအရေးမှာ တစ်ဖက်ကို အင်အားချည့်နဲ့အောင် မကောင်းကြံရင်း ကိုယ်ကိုယ်တိုင်ဒဏ်သင့်ပြီး ဆုတ်ယုတ်ပျက်ယွင်းလာတဲ့ အကုသိုလ်အဖြစ်အပျက်တွေကို သံဝေဂယူဖွယ် တွေ့နေရပါတယ်။ အနောက်နိုင်ငံက ပြည်သူတွေဟာ သူတို့အစိုးရတွေကိုယ်တိုင်က စစ်ကိုလိုလားသူတွေဖြစ်နေကြတယ်လို့ ခံစားလာကြရပြီး သူတို့အစိုးရတွေကို သပိတ်မှောက်ဆန္ဒပြတာတွေ လုပ်လာကြတယ်။

ယူကရိန်းဘက်ကို ပါဝင်ကူညီထောက်ခံမှုပေးနေတဲ့ နိုင်ငံတိုင်းက နိုင်ငံသားတွေဟာ စစ်ကြောင့် သူတို့ဘဝတွေ မလုံခြုံတော့ဘူးလို့ ခံစားလာကြရပါတယ်။ ဒါဟာ အနောက်နိုင်ငံနဲ့ အရှေ့ဘက်က ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေက ပြည်သူတွေရဲ့ သောကတွေက သာဓကပါပဲ။ ဒါကြောင့် အမေရိကန်အစိုးရအဖွဲ့ဝင်တွေ ထိုနိုင်ငံတွေရောက်တဲ့အခါ ပြည်သူတွေရဲ့ ဆန္ဒပြမှုတွေနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ကြရတာဖြစ်ပါတယ်။

ရုရှား - ယူကရိန်းစစ်ဟာ လနဲ့ချီ ကြာလာတာနဲ့အမျှ သင်ခန်းစာယူဖွယ်ရာတွေလည်း လစဉ်အပါတ်စဉ်တိုးလျက်ပါပဲ။ သုသာန်ပြင်လို တစ်စစီဖြစ်နေတဲ့ စစ်နယ်ဝန်းက ပြည်သူတွေရဲ့ ဒုက္ခတွေကို မျက်ကွယ်ပြုပြီး မိုက်တွင်းနက်သူကလည်း နက်နေဆဲပါပဲ။ စစ်ဒဏ်ခံနေရတဲ့ ယူကရိန်းပြည်သူတွေနဲ့ ငတ်မွတ်မှုဒဏ်ခံနေရတဲ့ ကမ္ဘာ့ပြည်သူတွေအတွက် ရုရှား၊ ယူကရိန်း၊ တူရကီနဲ့ ကုလသမဂ္ဂတို့က လနဲ့ချီကြိုးစားနေချိန်မှာ အမေရိကန်ဘက်ကတော့ ယူကရိန်းဘက်ကို အဆင့်မြင့်လက်နက်တွေထောက်ပံ့ပြီး နိုင်ငံကို မီးလောင်တိုက်သွင်းလို့ ကောင်းတုန်းပါပဲ။

EU တောင်မှ ယူကရိန်းကို စစ်ရေးထောက်ပံ့ဖို့ ဘာမှပြောသံမကြားရတော့တာ သတိထားမိပါတယ်။ ယူကရိန်းစစ်ပွဲကြီး ပြီးဆုံးသွားမှာကို အမေရိကန်အနေနဲ့ လိုလားပုံမရတဲ့ပုံ ပေါ်နေပါတယ်။ တစ်ဖက်မှာလည်း ရုရှားဘက်က ရိက္ခာတွေထောက်ပံ့မယ့် အိုဒက်ဆာရှိ အဓိကဆိပ်ကမ်းနဲ့ သင်္ဘောတွေကို ရုရှားဘက်က ပစ်ခတ်တိုက်ခိုက်တဲ့ သတင်းတွေလည်း ကြားရပြန်ပါတယ်။ ရိက္ခာကို အကြောင်းပြပြီး ယူကရိန်းက လက်နက်တွေသယ်နေတယ်လို့ ရုရှားဘက်ကတော့ အကြောင်းပြတာတွေ့ရပါတယ်။ ဆိုတော့... ရုရှား - ယူကရိန်းပဋိပက္ခဟာ မရိုးဖြောင့်မှု၊ မသမာမှု၊ ပြည်ပစွက်ဖက်မှုတွေကြောင့် ပြီးဆုံးမယ့်ပုံတော့ မပေါ်သေးပါဘူး။

မဆင်ခြင်ဘဲ ခေါ်လိုက်ရင်တော့ စစ်ပွဲဆိုတာ လာမှာပါပဲ။ ခေါ်လိုက်မိတဲ့ စစ်ပွဲတစ်ပွဲဟာ အဆုံးသတ်ဖို့ရန်လည်း ခက်ပါတယ်။ သို့ပေမယ့် ယူတတ်ရင်စစ်ပွဲကြောင့် ကိုယ့်ဆီက အားနည်းချက်နဲ့ ရလိုက်တဲ့သင်ခန်းစာတွေ၊ ပွင့်လာတဲ့အခွင့်အလမ်းတွေ၊ အားသာချက်တွေ မြင်နိုင်သလောက် မြင်ကြည့်ပေးဖို့လည်း လိုပါမယ်။

ဘာပဲဖြစ်ဖြစ် စစ်ပွဲကြားထဲက သဘောတူညီချက်လေးတစ်ခုကြောင့် ငြိမ်းချမ်းရေးရောင်ခြည်သဲ့သဲ့လေးမျှ မြင်ရပြီလား။ အခွင့်အလမ်းရေးရေးလေးကို အမိအရဆုပ်ကိုင်ကြပြီး အပြန်အလှန်ပိတ်ဆို့မှုတွေကို ဖြည်းဖြည်းချင်း ဖြေလျှော့နိုင်ကြဖို့တော့ ဆက်လက်လိုအပ်နေပါကြောင်း အပြုသဘောမျှော်လင့်ချက်များဖြင့် ရေးသားလိုက်မိပါတယ်။ ။

# ပြည်သူများအနေဖြင့် လူထုအခြေပြုဗဟိုဌာနသည် မြို့အင်္ဂါရပ်နှင့်အညီ မရှိမဖြစ်ထားရှိသင့်သည့်နေရာ၊ အသိပညာဗဟုသုတများ ရှာမှီးရာနေရာ၊ သတင်းအချက်အလက် ရှာဖွေရာနေရာဖြစ်လာအောင် အလေးထားပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်

**တောင်ကြီး ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီး ဌာနသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများအား ပြည်သူများ အသိပညာနှင့် သတင်းအချက်အလက်များ ရှာမှီးရာနေရာ၊ ရုပ်ကျိုးရွာကျိုး၊ တိုင်းကျိုးပြည်ကျိုးကိစ္စများ ဆွေးနွေးတိုင်ပင်ရာနေရာ၊ ပြည်သူများအကျွမ်းတဝင် ဝင်/ထွက်သွားလာရာနေရာများအဖြစ်ပေါ်ပေါက်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာနများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တောင်ကြီးမြို့၌ တည်ဆောက်ပြီးစီးသည့် လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင်အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် မြို့မိမြို့ဖ ဦးမောင်မောင်မြင့်တို့ လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် မြို့မိမြို့ဖ ဦးမောင်မောင်မြင့်တို့က လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ကို MRTV DVB – T2 Set Top Box အလုံးရေ ၅၀၀ ပေးအပ်စဉ်။

## လူငယ်ခေါင်းဆောင်များမွေးထုတ်ပေးနိုင်သည့်နေရာတစ်ခုဖြစ်

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် တောင်ကြီး ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန အဆောက်အအုံတွင် စာပေဗိမာန် အရောင်းဆိုင်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ် (Mini Museum)၊ ပြည်သူ့စာကြည့်တိုက်၊ အစည်းအဝေးခန်းမ၊ ကွန်ပျူတာခန်းမ၊ သင်တန်းခန်းမ၊ အားကစားခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို ထည့်သွင်း ထားရှိပေးထားသည့်အတွက် ပြည်သူများအတွက် အသိပညာ၊ အတတ်ပညာ ဗဟုသုတ ရှာမှီးရာနေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ လူထုအခြေပြုဗဟိုဌာနရှိ ဆွေးနွေးပွဲခန်းမ၌ လူငယ်များ၏ အသိပညာမြင့်မားရေး၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရေးနှင့် ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်ရေး အတွက် လူငယ်အသင်း (Youth Club) က ဦးဆောင်၍ လူငယ်ရေးရာ လှုပ်ရှားမှုများဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ Network ကျယ်ပြန့်၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လူထုအခြေပြု ဗဟိုဌာနသည် လူငယ်များ တွေ့ဆုံရန် အသင့်တော်ဆုံးနေရာဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့် အမျှ Community ကျယ်ပြန့်လာကာ ရေရှည်ဖွံ့ဖြိုးတိုးတက်၍ လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သည့် နေရာတစ်ခုလည်း ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားလူငယ်အချင်းချင်း ချစ်ခင်ရင်းနှီး၍ ယဉ်ကျေးမှုခလှေ့စရိုက်များ ထွန်းကားစေနိုင်ပြီး ပြည်သူများ အမှန်တကယ် အားကိုးအားထားပြုနိုင်သည့် လူထုအခြေပြုဗဟိုဌာနအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သကဲ့သို့ လူထုအခြေပြု စာကြည့်တိုက်များဖြင့် ကောင်းမွန်သည့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သည့် ပုံရိပ်ကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

## သတင်းအချက်အလက် ရှာဖွေရာနေရာ

နိဂုံးချုပ်အနေဖြင့် လူထုအခြေပြုဗဟိုဌာနတွင် မိမိတို့ဝန်ကြီးဌာနအပြင် ပြည်နယ်အစိုးရနှင့် အလှူရှင်တို့က ဘက်ပေါင်းစုံမှ တတ်နိုင်သမျှဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့် လူထုအခြေပြု ဗဟိုဌာနသည် မြို့အင်္ဂါရပ်နှင့်အညီ မရှိမဖြစ်ထားရှိသင့်သည့်နေရာ၊ အသိပညာဗဟုသုတများ ရှာမှီးရာနေရာ၊ သတင်းအချက်အလက် ရှာဖွေရာနေရာဖြစ်လာအောင် အလေးထားပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များအားကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားပြီး တောင်ကြီးမြို့မှ မြို့မိမြို့ဖ ဦးမောင်မောင်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးလျက်ရှိသည့် အစီအစဉ်များကို ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် MRTV DVB – T2 Set Top Box အလုံးရေ ၅၀၀ နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တပ်နယ် မိသားစုများအတွက် အလုံးရေ ၅၀၀ ကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လက်ခံရယူသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးအား ပေးအပ်ပြီး လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို မြန်မာ့ကြယ်စင်လင်းကုမ္ပဏီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

## လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက လူထုအခြေပြု ဗဟိုဌာနအဆောက်အအုံရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ကလေးစာဖတ်ခန်း၊ အနုပညာခန်း၊ ပြတိုက်ငယ်၊ ပြည်သူ့စာကြည့်တိုက်၊ အားကစားခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမ၊ အစည်းအဝေးခန်းမနှင့် ကလေးကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

## အခမဲ့အသုံးပြုနိုင်

ယခုဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသည် B.O.T စနစ်ဖြင့် တည်ဆောက်သည့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဖွင့်လှစ်သည့် အဆောက်အအုံဖြစ်ပြီး ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သတင်းအချက်အလက်နှင့် နည်းပညာ၊ အားကစား၊ အနုပညာ၊ စာပေစကားဝိုင်း ဆွေးနွေးပွဲများနှင့် ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်စာစောင်များကို အခမဲ့ ဝင်ရောက်လေ့လာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့တွင် Digital စနစ်ဖြင့် အသစ်တည်ဆောက်ပြီး ဖြစ်သော Jasmine Taunggyi ရုပ်ရှင်ရုံ (ယခင် မြို့မရုပ်ရှင်ရုံ) ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီး ဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားရှိသော သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ပြုစုထားရှိသည့် ပုံပြင်၊ ကဗျာ၊ သီချင်း စာအုပ်သုံးမျိုး ဖြန့်ချိခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပသည်။**(အပေါ်ယာပုံ)**




အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းကျောင်းအုပ်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းမှ ကျောင်းသား ငါးဦး၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသူ လေးဦး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန(ရန်ကုန်)မှ ကျောင်းသူနှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကလေးများ သင်တန်းကျောင်း(မန္တလေး)မှ ကျောင်းသူတစ်ဦး၊ နားမကြားသောကလေးများကျောင်း(မန္တလေး)မှ ကျောင်းသားတစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းမှ ကျောင်းသားတစ်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၄ ဦးတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးမှူးများက ဆုများချီးမြှင့်ခဲ့ကြပြီး တက္ကသိုလ်ဝင် စာမေးပွဲအောင်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်း ကိုးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၄ ဦး အောင်မြင်ပြီး နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးရှိခဲ့သည်။

ဆက်လက်၍ ရေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု ပုံပြင်၊ ကဗျာ၊ သီချင်းစာအုပ်များကို ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းရုံးများ၏ ညွှန်ကြားရေးမှူးများ ကိုယ်စား ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖*ကျောဖုံးမှ*

လိုအပ်ကြောင်း အသိပေးအပ်ပါသည်-

(က) အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့်ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများ ပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူထူထပ်သောနေရာများ၌ လူအများနှင့် အတူရှိနေခြင်း၊

(ဂ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာ တစ်ခုခုရှိခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၅-၇-၂၀၂၂)

# လပွတ္တာခရိုင်မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဖွင့်

**လပွတ္တာ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်မီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို (၃) မိုင်မြို့သစ် ခရိုင်မီးသတ်စခန်း၌ ယနေ့နံနက်စနာရီခွဲက ကျင်းပသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးစွမ်းရည် တိုးတက်မြင့်မားစေရန်နှင့် နိုင်ငံတကာ၌ကျင့်သုံးနေသော အသက်ကယ်လုပ်ငန်းစဉ်နှင့် နည်းစနစ်များအား ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းတွင် ရေပြင်၊ မြေပြင်ရှာဖွေ ကယ်ဆယ်ရေး သင်ခန်းစာများအား သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၈၀ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ချီဖွေမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မကွေးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဟဲဟိုးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ တမူးမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သာပေါင်းမြို့တွင် ၁ ဒသမ ၇၁ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၅၃ လက်မနှင့် ဘားအံမြို့တွင် ၁ ဒသမ ၄၉ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# သဲကုန်းမြို့နယ်၌ ရထားလမ်းရေကျော်ပျက်စီး၍ ရထားနှစ်စင်းဖြင့်ပို့ဆောင်ပေးလျက်ရှိ

**သဲကုန်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇီးကုန်းအုပ်စုရှိ ရထားလမ်း မိုင်တိုင်အမှတ် ၁၄၃/၁၃-၈ အကြားရှိ တံတားအမှတ် (၄၃၃) ရေတိုက်စားပြီး ရန်ကုန်-ပြည် ရထားခရီးစဉ်အချို့ ရပ်နားထားခဲ့ရာ အမှတ် (၆၃) အဆန် ရန်ကုန်-ပြည် စာပို့ရထား တစ်စင်းသာ ပြေးဆွဲခဲ့ပြီး သဲကုန်းဘူတာအထိသာ ပြေးဆွဲနိုင်ခဲ့သည်။



ထို့ကြောင့် ပြည်ဘက်မှ ထွက်ခွာလာသော ၆၃ အဆန် စာပို့ရထားမှ ခရီးသည်များနှင့် ၆၄ အစုန် စာပို့ရထားမှ ခရီးသည်များအား ရထားလမ်းရေကျော်နေရာမှ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အင်းမတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာ့မီးရထား ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပြအင်ဂျင်နီယာ အဖွဲ့များနှင့် ဒေသခံပြည်သူများက ရထားကူးပြောင်းပေး၍ ပြည်ဘက်သို့လည်းကောင်း၊ သဲကုန်းဘူတာမှ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်ဘက်သို့ ရထားဆက်လက်ထွက်ခွာ၍ ခရီးသွားပြည်သူများ လိုရာခရီးကို ဆက်လက်သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လမ်းပြုပြင်ရေးလုပ်ငန်းများအား မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ သဲကုန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ရန်ကုန်-ပြည်အမှတ် (၇၁) အဆန် ရထားခရီးစဉ် ဖျက်သိမ်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများ

လင်းလက်

**“ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို (၁) အသိပညာပေးခြင်းနှင့် ပြည်သူလူထုပူးပေါင်းပါဝင်စေရေး ဆောင်ရွက်ခြင်း၊ (၂) အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ (၃) ဥပဒေအာဏာသက်ရောက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ (၄) ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် (၅) သတင်းအချက်အလက်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းဧရိယာ ငါးခုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဧရိယာတစ်ခုစီအတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးက ဦးဆောင်၍ ၎င်းအောက်တွင် အထောက်အကူပြုရုံးများ အဖြစ် အတွင်းရေးမှူးရုံးအဖွဲ့များထားရှိကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိ ”**

**လေ့လာဖွယ်ရာ**

အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN_PAC) သို့ အဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဝင်ရောက်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International _ TI) က ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ရမှတ်များကို ထုတ်ပြန်ခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်ခန့်က ရမှတ် ၁၇ မှတ်သာ ရှိနေရာမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ရမှတ် ၃၈ မှတ်ဖြင့် အာဆီယံ ၁၀ နိုင်ငံအတွင်း အဆင့် ၄ အဆင့်အထိသို့ တက်ရောက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေးစသည့် နယ်ပယ်အသီးသီးတို့တွင် ဟန်ချက်ညီညီ ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လေ့လာသင့်သည်များ လေ့လာနိုင်ရန် စုစည်းရေးသားပြုစုတင်ပြရခြင်းဖြစ်ပါသည်။

**အဓိက တာဝန်ယူ**

အင်ဒိုနီးရှားနိုင်ငံတွင် အများပြည်သူ အကျိုးစီးပွားနှင့်ဆက်နွှယ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရသည့် အရာရှိများ၏ လာဘ်ပေးလာဘ်ယူမှုများကို လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဥပဒေ (၁၉၈၀) အရလည်းကောင်း၊ အဂတိလိုက်စားမှုများကိုမူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၀၁) အရ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိရာ အဓိက တာဝန်ယူကိုင်တွယ်ဖြေရှင်းရသည့် ဌာနများမှာ ရဲတပ်ဖွဲ့၊ ရှေ့နေချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (the Corruption Eradication Commission _ KPK) တို့ဖြစ်ပြီး KPK သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုပင် ဖြစ်ပါသည်။

**KPK အကြောင်း**

KPK သည် ၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို (၁) အသိပညာပေးခြင်းနှင့် ပြည်သူလူထုပူးပေါင်း ပါဝင်စေရေးဆောင်ရွက်ခြင်း၊ (၂) အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ (၃)ဥပဒေအာဏာသက်ရောက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ (၄) ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် (၅) သတင်းအချက်အလက်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းဧရိယာ ငါးခုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဧရိယာ တစ်ခုစီအတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးက ဦးဆောင်၍ ၎င်းအောက်တွင် အထောက်အကူပြုရုံးများအဖြစ် အတွင်းရေးမှူးရုံးအဖွဲ့များ ထားရှိကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

KPK ကို ကော်မရှင်ဥက္ကဋ္ဌတစ်ဦးနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လေးဦး စုစုပေါင်း ငါးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများဖြစ်ကာ ဆုံးဖြတ်ချက်များကိုမူ အဖွဲ့ဝင်များ၏ စုပေါင်းဆွေးနွေးမှုဖြင့်သာ ဆောင်ရွက်ကြပါသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ပြီး အဖွဲ့ဝင်များအနေဖြင့် သက်တမ်းတစ်ကြိမ်သာ ထပ်မံရွေးကောက်ခံခွင့်ရှိပါသည် (သက်တမ်းနှစ်ခုသာ တာဝန်ထမ်းဆောင်နိုင်သည့် သဘောပင်ဖြစ်ပါသည်)။

**အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း**

KPK အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂) အရ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု တားဆီးခြင်း၊ ပိုင်ဆိုင်မှုကြေညာလွှာ တင်သွင်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကိုဗစ်-၁၉ အကျပ်အတည်းကာလ ကျန်းမာရေးကဏ္ဍတွင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးအကူအညီ အထောက်အပံ့ပေးခြင်းဆိုင်ရာစာရင်းများနှင့် အခြားဆောင်ရွက်နေမှုများကို ဝင်ရောက်ကြည့်ရှုနိုင်မည့် Jaringan Pencegahan Korupsi (Corruption Prevention Network) ကို ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားနိုင်သည့် စနစ်ကိုပါ ထည့်သွင်းနိုင်ခဲ့သဖြင့် (World Justice Project 2021) ဆုကို အဆိုပါအစီအစဉ်က ရရှိခဲ့ပါသည်။

**ပိုင်ဆိုင်မှုကြေညာခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း**

အင်ဒိုနီးရှားနိုင်ငံ စီမံခန့်ခွဲမှုနှင့် အစိုးရယန္တရား ပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက် ၁/၂၀၁၅ အရ နိုင်ငံ့ဝန်ထမ်းများကလည်းကောင်း၊ ၂၀၀၈ ခုနှစ် သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ၊ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ညွှန်ကြားချက် (၁၅/၂၀၁၇) ပါ ညွှန်ကြားချက်များနှင့်အညီ သမ္မတ၊ ဒုတိယသမ္မတ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း ပိုင်ဆိုင်မှုကြေညာခြင်းကို ဆောင်ရွက်ကြရပါသည်။ ကြေညာရန်သတ်မှတ်ထားသည့်အချက်အလက်များကို လေ့လာကြည့်ပါက အကျိုးစီးပွားပဋိပက္ခဖြစ်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူထားသည်ကို တွေ့ရှိရပြီး ထိပ်ပိုင်းအဆင့် ခေါင်းဆောင်များနှင့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများသည့် ရာထူးနေရာများတွင် တာဝန်ယူဆောင်ရွက်နေရသူများကို အဓိကထားသည်ကို တွေ့ရှိရပါသည်။ နည်းပညာအခြေပြုစနစ်ကို အသုံးပြုပြီး ကြေညာလွှာတင်သွင်းသူများအနေဖြင့် သက်ဆိုင်ရာ Website မှတစ်ဆင့် ကြေညာလွှာ တင်သွင်းရပါသည်။

**အရေးယူဆောင်ရွက်ခြင်း**

၂၀၀၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အဂတိလိုက်စားမှုများဖြင့် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများကို လေ့လာကြည့်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ် ၂၉၃ ဦး၊ ဝန်ကြီးနှင့်ဝန်ကြီးအဆင့် ၃၂ ဦး၊ အစိုးရတာဝန်ရှိ အကြီးအကဲ ၂၂ ဦး၊ မြို့တော်ဝန်/ဒေသအကြီးအကဲ ၁၄၁ ဦး၊ ကော်မရှင်အဖွဲ့ဝင်အဆင့်ရှိသူ ခုနစ်ဦး၊ သံအမတ် လေးဦး၊ တရားသူကြီး ၂၂ ဦး၊ အဆင့်မြင့် ရဲအရာရှိ သုံးဦး၊ တရားစွဲအရာရှိ ၁၀ ဦး၊ အဆင့်မြင့်အရာရှိ ၂၄၄ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၃၅၆ ဦး၊ ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူ ခုနစ်ဦး၊ ဥပဒေအရာရှိ ၁၃ ဦးနှင့် အခြားပုဂ္ဂိုလ် ၁၇၉ ဦး စုစုပေါင်း ၁၃၃၃ ဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင် လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၊ အစိုးရတာဝန်ရှိ အကြီးအကဲ တစ်ဦး၊ မြို့တော်ဝန်/ဒေသအကြီးအကဲ ၁၂ ဦး၊ အဆင့်မြင့် ရဲအရာရှိ တစ်ဦး၊ တရားစွဲအရာရှိ ၁၀ ဦး၊ အဆင့်မြင့်အရာရှိ ကိုးဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၂၇ ဦး၊ ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူ တစ်ဦး၊ ဥပဒေအရာရှိ တစ်ဦးနှင့် အခြားပုဂ္ဂိုလ် ခြောက်ဦး စုစုပေါင်း ၇၁ ဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဝန်ကြီးအဆင့်ရှိသူများနှင့် အခြားအဆင့်မြင့် အရာရှိကြီးများကို အဂတိလိုက်စားမှုဖြင့် အရေးယူခြင်း**

အင်ဒိုနီးရှားနိုင်ငံ The Glokar Party စီနီယာအဖွဲ့ဝင်တစ်ဦးဖြစ်သူ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Azis Syamsuddin သည် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း Lampung စီရင်စု၊ Lampung ခရိုင်အတွက် ဘဏ္ဍာငွေခွဲဝေချထားမှုများတွင် အဂတိလိုက်စားမှု ကျူးလွန်ထားခြင်းနှင့် အဆိုပါအမှုများအတွက် KPK စုံစမ်းစစ်ဆေးရေးအရာရှိဖြစ်သူ Stepanus Robin Pattuju ကို ရူပီး သုံးဘီလီယံခန့် လာဘ်ပေးထားခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရားရုံးက ထောင်ဒဏ် သုံးနှစ်နှင့် ခြောက်လ ချမှတ်ခဲ့ပါသည်။

လူမှုရေးဝန်ကြီးဟောင်းဖြစ်သူ Juliari Batubara သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလ အကျပ်အတည်း ရင်ဆိုင်ကြုံတွေ့နေရသည့် ဝင်ငွေနည်းပါးသည့် မိသားစုဝင်များသို့ ကူညီထောက်ပံ့ပေးရေး အစီအစဉ်တွင် တင်ဒါအောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်ထံမှ တံစိုးလက်ဆောင်အနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ မီလီယံနှင့် ညီမျှသည့် အင်ဒိုနီးရှားငွေ ရူပီး ၃၂ ဒသမ ၂ ဘီလီယံ လက်ခံရယူခဲ့ခြင်းနှင့် အခြားလုပ်ငန်းရှင်များထံမှလည်း အစားအသောက်၊ စားသုံးဆီနှင့် အခြားအထောက်အပံ့ပစ္စည်းများ ပါဝင်သည့် Package တစ်ခုချင်းစီအတွက် ရူပီး ၁၀၀၀၀ စီ လက်ခံရယူခြင်းတို့နှင့်စပ်လျဉ်း၍ ၂၃-၈-၂၀၂၁ ရက်နေ့တွင် ဂျကာတာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးမှ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ပါသည်။ ထို့အပြင် တရားရုံးမှ အမေရိကန်ဒေါ်လာ တစ်မီလီယံနှင့် ညီမျှသည့် အင်ဒိုနီးရှားရူပီး ၁၄ ဒသမ ၆ ဘီလီယံကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်နှင့် ပျက်ကွက်ပါက ထောင်ဒဏ် နှစ်နှစ် ထပ်မံကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ရေကြောင်းရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဟောင်းဖြစ်သူ Edhy Prabowo အနေဖြင့် ပြည်ပတင်ပို့ရောင်းချခြင်း (ပုစွန်) လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လက ထောင်ဒဏ် ငါးနှစ်နှင့် ဒဏ်ကြေး ရူပီး ၄၀၀ မီလီယံချမှတ်ခံခဲ့ရပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဂျကာတာ အယူခံတရားရုံးက ထောင်ဒဏ်လေးနှစ်ထပ်တိုးကာ စုစုပေါင်းထောင်ဒဏ် ကိုးနှစ်နှင့် ဒဏ်ကြေး ရူပီး ၄၀၀ မီလီယံအပြင် ထပ်ဆောင်း ရူပီး ၉၆၈၇ မီလီယံနှင့် ဒေါ်လာ ၇၇၀၀၀ ထပ်မံပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၉ ခုနှစ်တွင် လူမှုရေးဝန်ကြီးဟောင်းဖြစ်ခဲ့သူ Idrus Marham ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဟောင်းဖြစ်သူ Imam Nahrawi ကိုလည်းကောင်း အဂတိလိုက်စားမှုများဖြင့် အရေးယူခဲ့သဖြင့် သမ္မတ Joko Widodo လက်ထက်တွင် ဝန်ကြီးလေးဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူထားသည်ကိုလည်း တွေ့ရှိရပါသည်။ အဆိုပါ ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက KPK အနေဖြင့် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့သူ အများအပြားကို အရေးယူနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု**

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးနိုင်ရေးတို့အတွက် ၂၀၁၉ ခုနှစ်အတွင်းတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးရေး သဘောတူညီမှုစာချုပ်(MLA) များကို

*စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၅**

အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ)ဘိုဘို (CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက် (CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ် အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ/ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအနက် အချို့သော ဆရာ၊ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၉၀ | ၁၇၃၅ | ၁၇၃၀ | ၁၆၉၅ | ၁၇၃၅ | ၁၇၅၅ | ၁၇၄၀ | ၁၇၂၀ | ၁၈၁၅ | ၁၈၃၀ | ၁၇၂၅ | ၁၇၃၅ | ၁၇၇၀ | ၁၇၇၀ | ၁၇၇၅ | ၁၉၉၀ | ၂၅၆၀ |
| 95 Ron | ၁၇၃၀ | ၁၇၇၅ | ၁၇၇၅ | ၁၇၃၅ | ၁၇၇၅ | ၁၇၉၅ | ၁၇၈၀ | ၁၇၆၀ | ၁၈၅၅ | ၁၈၇၀ | ၁၇၆၅ | ၁၇၈၅ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၅ | ၂၀၃၅ | ၂၆၀၅ |
| HSD (500 ppm) | ၁၉၉၀ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၂၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၂၉၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၅ | ၂၀၉၅ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၅ | ၂၀၉၅ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၉၉ | ၁၆၆၅ |
| 95 Ron | ၁၆၃၉ | ၁၇၀၅ |
| HSD (500 ppm) | ၁၈၉၁ | ၁၉၅၈ |
| HSD (50 ppm) | ၁၉၄၆ | ၂၀၁၄ |
| HSD (10 ppm) | ၁၉၄၆ | ၂၀၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

*စာမျက်နှာ ၁၀ မှ*

ဆွစ်ဇာလန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့ရာ ယခုအချိန်အထိ MLA စာချုပ် စုစုပေါင်း ၁၁ ခုကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံ FBI၊ the Serious Fraud Office (UK)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Supervision ၊ ထိုင်းနိုင်ငံ NACC နှင့် Ministry of Justice ၊ နယ်သာလန်နိုင်ငံ Foreign Affairs and Interior and Kingdom Relations တို့နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်အတွင်း The Global Operational Network for Law Enforcement Authorities (GlobE Network) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် GlobE Network ၏ ပထမဦးဆုံးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**လေ့လာသုံးသပ်**

ခြုံငုံလေ့လာသုံးသပ်ကြည့်မည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အရေးယူဆောင်ရွက်မှုအပိုင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးအဆင့်ရှိသူများကိုပါ ထိထိရောက်ရောက် အရေးယူနိုင်သည်ကို တွေ့ရှိရပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင်လည်း အမေရိကန်၊ ယူကေ၊ တရုတ်၊ နယ်သာလန်စသည့် နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ ပိုင်ဆိုင်မှုကြေညာခြင်း လုပ်ငန်းစဉ်ကိုလည်း နည်းပညာ အခြေပြုစနစ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဖြစ်သည်ကို တွေ့ရှိရပါသည်။

**နိုင်ငံတကာနှင့် မျက်ခြည်မပြတ်**

မိမိတို့နိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများ၏ ဆောင်ရွက်မှုများကို လေ့လာမှတ်သားကာ မိမိတို့နိုင်ငံအတွက် သင့်တော်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စနစ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများတွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၎င်းတို့နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူလျက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ပူးပေါင်းကာ နိုင်ငံတကာဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုကို မျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား-**


- **အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဝက်ဘ်ဆိုက်**
- **Country Analysis on Asset Declarations System (Indonesia) – UNODC**

# ဖိလစ်ပိုင်သမ္မတဟောင်း အာရိုယို ကိုဗစ်-၁၉ ကူးစက်ခံရ



ဖိလစ်ပိုင်သမ္မတဟောင်း ဂလော်ရီယာ မက်ကာပါဂါးလ် အာရိုယို။

မနီလာ ဇူလိုင် ၂၅

**ဖိလစ်ပိုင်သမ္မတဟောင်း ဂလော်ရီယာ မက်ကာပါဂါးလ် အာရိုယိုသည် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု ၎င်း၏ ရုံးအဖွဲ့အကြီးအကဲအာဝင်ခရစ်ရှနား ဆန်တို့စ်က ဇူလိုင် ၂၄ ရက်က ပြောကြားခဲ့သည်။**

အာရိုယိုသည် လက်ရှိတွင် အောက်လွှတ်တော်အဖွဲ့ဝင်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်းနှင့် ဇူလိုင် ၁၅ ရက် စမ်းသပ်စစ်ဆေးမှုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိသည်နှင့်တစ်ပြိုင်နက် အာရိုယိုသည် မိမိကိုယ်တိုင် သီးသန့်ခွဲခြား စောင့်ကြည့်နေထိုင်လျက်ရှိသည်။

ဆန်တို့စ်က စနေနေ့က ထပ်မံစမ်းသပ်စစ်ဆေးခဲ့သော အာရ်တီ-ပီစီအာရ်စမ်းသပ်စစ်ဆေးမှုတွင်လည်း အသက် ၇၅ နှစ်ရှိ နိုင်ငံရေးသမား အာရိုယို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသေးကြောင်း ဖော်ပြသည်။

ထို့ကြောင့် ယခင်နိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည့် အာရိုယိုသည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်ရိုမူဒက်ဇ်မားကို့စ်၏ ပထမဆုံးနိုင်ငံ မိန့်ခွန်းပြောကြားပွဲသို့ တက်ရောက်နိုင်တော့မည် မဟုတ်ကြောင်း ဆန်တို့စ်က ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ် ပန်းခြံတစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံး

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၅**



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ပန်းခြံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ် ပန်းခြံတစ်ခု၌ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ဒေသစံတော်ချိန် ၃ နာရီ ၄၅ မိနစ်က ပက်ပန်းခြံ ဘော့စ်ဘောကွင်းအနီးတွင် ဖြစ်ပွားသော သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး အာဏာပိုင်များက ဖုန်းခေါ်ဆိုမှုများ ရရှိခဲ့သည်ဟု လော့စ်အိန်ဂျလိစ်ရဲဌာနက ပြောသည်။

ဆေးအဖွဲ့များက သေနတ်ပစ်ခတ်မှုတွင် ဒဏ်ရာရသူ ခုနစ်ဦးကို ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း လော့စ်အိန်ဂျလိစ် မီးသတ်ဌာနက ပြောသည်။ နှစ်ဦး သေဆုံးခဲ့ပြီး ငါးဦးမှာ ဒဏ်ရာများကို ကုသလျက်ရှိကြောင်း အဆိုပါ မီးသတ်ဌာနက ဆက်လက်ပြောကြားသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နေရာတွင် ခြောက်လုံးပြူး သေနတ်များတွေ့ရှိခဲ့ပြီး ၎င်းတို့ကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ကြောင်းနှင့် သံသယဖြစ်နိုင်သူ မည်မျှပါဝင်နေသလဲဆိုသည်ကို မသိရသေးကြောင်း ရဲများက ပြောသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် မြို့အနှံ့ သတိထားရန် လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါပန်းခြံတွင် ကားပြပွဲအတွက် လူရာချီစုဝေးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ ရုတ်တရက်သေနတ်ပစ်ခတ်မှုဖြစ်ပွားသောအခါ လူများသည် ကြောက်စိတ်ဖြင့် ဝရုန်းသုန်းကား ထွက်ပြေးကြကြောင်း မျက်မြင်သက်သေများက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# မလေးရှား၌ တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၀၀ ကျော်ရှိပြီး သုံးဦးထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇူလိုင် ၂၅**

မလေးရှားတွင် ဇူလိုင် ၂၄ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၂၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၆၅၁၆၅၁ ဦး အထိရှိလာပြီ ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

ပြည်ပပြန်ကူးစက်ဖြစ်ပွားသူ ငါးဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၂၇၁၅ ဦးရှိကြောင်း ဝန်ကြီးဌာန၏ သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကြောင့် သုံးဦးထပ်မံသေဆုံးမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၅၉၁၄ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၁၂ ဦးရှိမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသူ ၄၅၆၇၄၈၅ ဦး ရှိလာပြီဖြစ်သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၈၂၅၂ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိသူ ၅၄ ဦးနှင့် ၎င်းတို့အနက် ၃၂ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၈၄ ရာခိုင်နှုန်းမှာ အပြည့်အဝကာကွယ်ဆေးထိုးပြီးဖြစ်သည်။ ၄၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံပြီးပြီ ဖြစ်သည်။ ၀ ဒသမ ၉ ရာခိုင်နှုန်းမှာ ဒုတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်သည်။



မလေးရှားနိုင်ငံ ဆီလန်ဂေါမြို့၌ ကိုဗစ်-၁၉ စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

**ဆင်ဟွာ**

# ဂျပန်ပြည်သူများ ခုနစ်ကြိမ်မြောက် ကိုဗစ်လှိုင်းနှင့်ကြုံတွေ့

**တိုကျို ဇူလိုင် ၂၅**

ဂျပန်ပြည်သူများသည် ကိုရိုနာဗိုင်းရပ်စ်နောက်ထပ်လှိုင်းတစ်ခုနှင့် ကြုံတွေ့လျက်ရှိသည်။ ခုနစ်ကြိမ်မြောက် ကိုဗစ်လှိုင်းသည် အားလပ်ရက် ရာသီကို ထိခိုက်လာပြီဖြစ်သည်။

ဇူလိုင် ၂၅ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၆၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အဆိုပါပမာဏသည် ယခင်အပတ်စံချိန်တင် ကူးစက်ဖြစ်ပွားခဲ့သည့် ၂၀၀၀၀၀ အောက် လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်သည်။

ဆေးဘက်ဆိုင်ရာဝန်ထမ်းများအကြား ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဟန်ချက်မမျှ ဖြစ်စေမည်ဖြစ်သည်။ အထူးသဖြင့် တောင်ပိုင်း အိုကီနာဝါဒေသလိုနေရာမျိုးအတွက် ပိုမိုခက်ခဲမှုကို ဖြစ်စေမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံတွင် ပထမဆုံး မျောက်ကျောက်ရောဂါကို တွေ့ရှိ

**တိုကျို ဇူလိုင် ၂၅**

ဂျပန်နိုင်ငံတွင် ပထမဆုံး မျောက်ကျောက်ရောဂါကို တွေ့ရှိခဲ့ပြီဖြစ်သည်။ ခရီးသွားရာဇဝင်ရှိခဲ့သော အသက် ၃၀ အရွယ် တိုကျိုဒေသခံတစ်ဦးသည် ဇူလိုင် ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်းတွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါလက္ခဏာဟုယူဆသော ရောဂါလက္ခဏာများ ဖြစ်ပွားပြီးနောက် အဆိုပါ ကိုဗစ်-၁၉ သံသယလူနာသည် ကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ သွားရောက်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ယခုအခါ ၎င်းကို ဆေးရုံတင်ခဲ့ပြီး အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိသည်။ ၎င်းသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မဖော်ပြခဲ့ချေ။

**အင်န်အိတ်ချ်ကေ**

# ဘရူနိုင်း၌ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း ပျမ်းမျှအားဖြင့် ၁၁၉၉ ဦးရှိ

**ဘန်ဒါဆီရီဘီဂါဝမ် ဇူလိုင် ၂၅**

လွန်ခဲ့သောသီတင်းပတ်က ဘရူနိုင်းတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် ပျမ်းမျှအားဖြင့် ၁၁၉၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ တစ်ပတ်အတွင်း အန်တီဂျန်စစ်ဆေးမှု ၇၃၆၃၁ ခု၏ရလဒ်များကို ဖော်ပြခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၁ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

လွန်ခဲ့သောသီတင်းပတ်က ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၉ ရာခိုင်နှုန်းသည် ဆေးကုသမှုမလိုခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ဇူလိုင် ၂၄ ရက်အထိ ၇၄ ဒသမ ၆ ရာခိုင်နှုန်းသော ဘရူနိုင်းလူဦးရေသည် ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပြီးပြီဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတအဖြစ် ဒယူပါဒီမာမူ ကျမ်းသစ္စာကျိန်ဆို



အိန္ဒိယနိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတ ဒယူပါဒီမာမူ။

နယူးဒေလီ ဇူလိုင် ၂၅

ဒယူပါဒီမာမူသည် ဇူလိုင် ၂၅ ရက်က အိန္ဒိယနိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ထို့ကြောင့် မာမူသည် အိန္ဒိယနိုင်ငံ၌ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ပထမဆုံးမျိုးနွယ်စု အမျိုးသမီးလည်း ဖြစ်လာခဲ့သည်။

အသက် ၆၄ နှစ်အရွယ်ရှိ မာမူ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အထက်လွှတ်တော်ဥက္ကဋ္ဌ ဗင်ကီယာနိုင်ဒူ၊ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ အွန်ဘီလာ၊ ဝန်ကြီးများ၊ သံတမန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်နှင့် စစ်ဘက်အရာရှိများအပြင် အခြားအစိုးရအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။

မာမူသည် အိန္ဒိယနိုင်ငံ၌ ပရာတီဘာ ဒီဗီဆင်း ပါတေးလ်ပြီးနောက် ဒုတိယမြောက် အမျိုးသမီးသမ္မတ ဖြစ်လာခဲ့သည်။ **ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီပြတ်လပ်မှုကြောင့် တစ်လနီးပါးကြာ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်ဖွင့်

ကိုလံဘို ဇူလိုင် ၂၅

သီရိလင်္ကာနိုင်ငံတွင် စက်သုံးဆီပြတ်လပ်မှုကြောင့် တစ်လနီးပါးကြာ ပိတ်ထားခဲ့ရသည့် အစိုးရပိုင် စာသင်ကျောင်းများနှင့် အစိုးရမှ ခွင့်ပြုထားသော ပုဂ္ဂလိကပိုင် စာသင်ကျောင်းများသည် ဇူလိုင် ၂၅ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း ကျောင်းသားကျောင်းသူများသည် တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေးနေ့ စသည့် သုံးရက်သာ ဖွင့်လှစ်သင်ကြားရမည်ဖြစ်ပြီး ကျန်သည့် နှစ်ရက်ကို အွန်လိုင်းမှတစ်ဆင့် သင်ကြားရမည် ဖြစ်ကြောင်း သိရသည်။ ပညာရေးဝန်ကြီးဌာနသည် ပထမနှစ်ဝက်ကျောင်းဖွင့်ရက်ကိုလည်း စက်တင်ဘာ ၇ ရက်အထိ တိုးမြှင့်ထားကြောင်း သိရသည်။



သီရိလင်္ကာ၌ ကျောင်းသားကျောင်းသူများ စာသင်ကြားနေကြသည်ကို တွေ့ရစဉ်။

ထို့အပြင် စာသင်ကျောင်းများသည် ပထမနှစ်ဝက်ကုန်ဆုံးချိန်တွင် စာမေးပွဲများ စစ်ဆေးသွားမည် မဟုတ်ကြောင်း၊ အခြားသော အကဲဖြတ်မှုပုံစံများကို လုပ်ဆောင်ကြရန် ကျောင်းအုပ်များကို ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာသမ္မတ ရာနေးဝတ်ရီမီဆင်းဂီသည် နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင်များက စာသင်ကျောင်းကားများကို စက်သုံးဆီ ထောက်ပံ့ပေးရန်အတွက် တာဝန်ရှိသူများကို ညွှန်ကြားထားပြီးဖြစ်သည်။ သီရိလင်္ကာနိုင်ငံတွင် စာသင်ကျောင်းများသို့ ပို့ဆောင်ပေးသော ကျောင်းကားအစီးရေ ၄၀၀၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၈၈၃ ဦး စစ်ဆေးတွေ့ရှိ



ဆိုးလ် ဇူလိုင် ၂၅

တောင်ကိုရီးယားနိုင်ငံတွင် ဇူလိုင် ၂၄ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၈၈၃ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၉၂၄၇၄၉၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၅ ရက်တွင် ပြောသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများအနက် ၃၄၃ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်သည့်အတွက် ပြည်ပပြန် ကူးစက်မှုအရေအတွက် စုစုပေါင်း ၄၁၈၄၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ ရောဂါပြင်းထန်ပြီး စိုးရိမ်ရသော အခြေအနေတွင်ရှိသူ ၁၄၄ ဦးရှိပြီး ယခင်ရက်ကထက် နှစ်ဦးကျဆင်းလာကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၇ ဦးရှိသည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၄၈၉၀ အထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော မတော်တဆမှုကြောင့် လူ ၃၁၀ ခန့် သေဆုံးပြီး ၂၉၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

အစ္စလာမ္မာဘတ် ဇူလိုင် ၂၅

ပါကစ္စတန်နိုင်ငံတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် ဇွန် ၁၄ ရက် နောက်ပိုင်း လူ ၃၁၀ ခန့် သေဆုံးပြီး ၂၉၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။ သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေးငယ် စုစုပေါင်း ၁၇၅ ဦး ပါဝင်ကြောင်း၊ ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း တံတား ၄၈ စင်းနှင့် ဈေးဆိုင်ပေါင်းများစွာအပါအဝင် တစ်စိတ်တစ်ပိုင်းပျက်စီးမှု သို့မဟုတ် အလုံးစုံပျက်စီးမှု အိမ်စုစုပေါင်း ၈၉၇၉ နီးပါးရှိကြောင်း သိရသည်။ လွန်ခဲ့သည့် ၄၈ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပါကစ္စတန်နိုင်ငံ အချို့မြို့ကြီးများတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကင်ညာနိုင်ငံ၌ ဘတ်စ်ကားတစ်စီး မြစ်ထဲထိုးကျ လူ ၃၀ ထက်မနည်း သေဆုံး

နိုင်ရိုဘီ ဇူလိုင် ၂၅

ကင်ညာနိုင်ငံ၌ ဇူလိုင် ၂၄ ရက်တွင် ဘတ်စ်ကားတစ်စီး မဲရူ-နိုင်ရိုဘီ အဝေးပြေးလမ်းမတစ်လျှောက်ရှိ မြစ်ထဲသို့ ထိုးကျမှုဖြစ်ပွားရာ ၃၀ ထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအသင်းနှင့် ကင်ညာကြက်ခြေနီ အသင်းအဖွဲ့တို့ကို ကိုးကား၍ ပြည်တွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

မဲရူမြို့မှ ကမ်းရိုးတန်းမြို့ မွမ်ဘာဆာသို့ ဦးတည်သွားသော အဆိုပါ ဘတ်စ်ကားသည် တံတားပေါ်မှ နိသီမြစ်ထဲသို့ ထိုးကျသွားခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာနေးရှင်းတွင် ဖော်ပြထားသည်။ ပြင်းထန်သော အခြေအနေတွင်ရှိပြီး စိုးရိမ်ရသော ခရီးသည် ၂၀ ကျော်ကို ဆေးရုံသို့ တင်ပို့ထားကြောင်း၊ ပျောက်ဆုံးသူများလည်း ရှိနေသေးကြောင်း သိရသည်။ ဒေသကယ်ဆယ်ရေး အသင်းမန်နေဂျာဖြစ်သူ အဲလက်စ်မူဂမ်ဘီက သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်နိုင်ကြောင်း ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုနှင့်ပတ်သက်ပြီး ကနဦးစုံစမ်းစစ်ဆေးချက်များအရ ဘရိတ်ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း၊ အဆိုပါနေရာသည် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ကင်ညာနိုင်ငံ၌ အဆိုပါ ယာဉ်မတော်တဆမှုသည် လူသေဆုံးမှုများသော မတော်တဆမှုများထဲမှတစ်ခုဖြစ်ပြီး ဇူလိုင် ၈ ရက်ကလည်း နိုင်ရိုဘီ- မွမ်ဘာဆာ အဝေးပြေးလမ်းမတစ်လျှောက်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး ခရီးသည် ၂၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



မြစ်ထဲသို့ ထိုးကျသွားပြီးနောက် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

## တရားမဝင် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုဖြင့် နိုင်ငံခြားသားတစ်ဦးကို ကမ္ဘောဒီးယား ဖမ်းဆီး

ဖနောင်ပင် ဇူလိုင် ၂၅

ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် တရားမဝင် မူးယစ်ဆေးဝါး လက်ဝယ်ရောင်းဝယ်ဖောက်ကားမှုဖြင့် နိုင်ငံခြားသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း၊ အဆိုပါ နိုင်ငံခြားသားထံမှ တရားမဝင် မူးယစ်ဆေးဝါး ၄၅ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဌာန (အေဒီပီ) က ဇူလိုင် ၂၅ ရက်တွင် ပြောသည်။

လပေါင်းများစွာ စုံစမ်းမှုပြုလုပ်ပြီးနောက် အသက် ၃၃ နှစ်အရွယ် အဆိုပါ နိုင်ငံခြားသားကို ဇူလိုင် ၂၁ ရက်က မာကာရာခရိုင်ရှိ ကွန်ဒိုအခန်း သုံးခန်းနှင့် ဟိုတယ်တစ်ခန်းကို ဝင်ရောက်စီးနင်းရှာဖွေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုအတွက် သေဒဏ်ချမှတ်ခြင်းမရှိကြောင်း၊ သို့သော်လည်း ၎င်းနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေအရ တရားမဝင် မူးယစ်ဆေးဝါး ၈၀ ဂရမ်ထက် ကျော်သော ရောင်းဝယ်ဖောက်ကားသူကို ပြစ်မှုထင်ရှားကြောင်း တွေ့ရှိလျှင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံရနိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ နိုင်ငံခြားသား ၉၉ ဦးအပါအဝင် မူးယစ်ဆေးဝါးမှုဖြင့် သံသယရှိသူ ၇၆၅၄ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး တရားမဝင်မူးယစ်ဆေး ၃ ဒသမ ၁၂ တန်နှင့် မူးယစ်ဆေးဝါး ပါဝင်ပစ္စည်း ၁၈၅ တန်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖရိကကို နှစ်ပေါင်းများစွာခြိမ်းခြောက်နေတဲ့ မျောက်ကျောက်ရောဂါဟာ နောက်ဆုံးမှာတော့ နိုင်ငံတကာအတွက် စိုးရိမ်ဖွယ်ရာအခြေအနေ ရောက်ရှိလာ

········· လင်းဟန်သစ် ·········

ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုနိုင်ငံတွေလိုမျိုး နိုင်ငံတွေမှာ ကူးစက်ဖြစ်ပွားပြီး သုံးလမပြည့်မီမှာ အာဖရိကကို နှစ်ပေါင်းများစွာခြိမ်းခြောက်နေတဲ့ မျောက်ကျောက် (Monkeypox) ရောဂါဟာ နောက်ဆုံးမှာတော့ နိုင်ငံတကာအတွက် စိုးရိမ်ဖွယ်ရာအခြေအနေ ရောက်ရှိလို့လာခဲ့ပြီဖြစ်ပါတယ်။




**ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးဖြစ်တဲ့ (ဒဗလျူအိတ်ချ်အို) က အာဖရိကပြင်ပမှာဖြစ်ပွားနေတဲ့ မျောက်ကျောက် (Monkeypox) ရောဂါကို နိုင်ငံတကာက စိုးရိမ်နေတဲ့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဇူလိုင် ၂၃ ရက်က ကြေညာခဲ့ပါတယ်။

အနောက်အာဖရိက အလယ်ပိုင်းရဲ့ ဒေသတွေမှာ ဒီရောဂါဟာ လွန်ခဲ့တဲ့ ရာစုနှစ်ကတည်းက ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကပ်ရောဂါကျွမ်းကျင်ပညာရှင်တွေဟာ အဆိုပါရောဂါနဲ့ ပတ်သက်ပြီး သတိပေးခဲ့သော်လည်း အများစုက လျစ်လျူရှုခဲ့ကြပါတယ်။

ဒီရောဂါဟာ အာဖရိကလိုမျိုး ဒေသမှာရှိတဲ့သူတွေကို အိပ်မက်မှ လှုပ်နိုးလိုက်သလို ဖြစ်ခဲ့ပါတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

အာဖရိကသုတေသီတွေက Monkeypox ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ဖြစ်နိုင်တဲ့အလားအလာတွေကို အချိန်ကာလအတော်ကြာ သတိပေးခဲ့ပါတယ်။ ထို့အတူ Monkeypox ဗိုင်းရပ်စ်ဟာ နည်းလမ်းအသစ်တွေနဲ့အတူ ကျယ်ကျယ်ပြန့်ပြန့်ကူးစက်နိုင်တယ်လို့ ဇွန်လတုန်းက Nature ဂျာနယ်မှာ ပြောကြားခဲ့ပါတယ်။

**လူသားတွေမှာ ပထမဆုံး စတင်တွေ့ရှိ**

၁၉၇၀ ပြည့်နှစ်ကတည်းက Monkeypox ဗိုင်းရပ်စ်ကို လူသားတွေမှာ ပထမဆုံး စတင်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက အာဖရိကနိုင်ငံ ၁၁ နိုင်ငံမှာ ကူးစက်ဖြစ်ပွားနေတယ်ဆိုပြီး သတင်းဖော်ပြခဲ့ကြပါတယ်။ အထူးသဖြင့်ကတော့ ကျေးလက်ဒေသတွေနဲ့ ကွန်ဂိုမြစ်ဝှမ်းမှာရှိတဲ့ မိုးသစ်တောဒေသမှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

လူသားတွေမှာ Monkeypox ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေဟာ အာဖရိကအနောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ ပိုမိုကူးစက်ဖြစ်ပွားလာခဲ့ပါတယ်။

**ရောဂါကူးစက်ဖြစ်ပွားမှုတွေ ဆက်လက်ဖြစ်ပေါ်**

နိုင်ဂျီးရီးယားမှာလည်း ၂၀၁၇ ခုနှစ်ကတည်းက ဒီရောဂါကို အများအပြားကူးစက်ဖြစ်ပွားခဲ့ဖူးပါတယ်။ သံသယဖြစ်ဖွယ် ကူးစက်ဖြစ်ပွားနေသူပေါင်း ၅၀၀ ကျော်ရှိပြီး အတည်ပြုကူးစက်ဖြစ်ပွားသူ ၂၀၀ ကျော် ရှိခဲ့ပါတယ်။ သေဆုံးမှုနှုန်းကတော့ ၃ ရာခိုင် နှုန်းနီးပါး ရှိပါတယ်။ အဲဒီအချိန်ကတည်းကစပြီး အခုအချိန်အထိ ရောဂါ ကူးစက်ဖြစ်ပွားမှုတွေ ဆက်လက်ဖြစ်ပေါ်နေတာဖြစ်ပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

၂၀၁၇ ခုနှစ်ကျော်လွန်ပြီးနောက်ပိုင်းမှာ အာဖရိက ကူးစက်ရောဂါကျွမ်းကျင်ပညာရှင်တွေက Monkeypox ရောဂါဟာ ထူးခြားတဲ့နည်းလမ်းတွေနဲ့ ပျံ့နှံ့ဖြစ်ပွားနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

**လျစ်လျူရှုခဲ့တဲ့အတွက် တန်ဖိုးကြီးကြီးပေးနေရပြီ**

အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပိုမိုကူးစက်ဖြစ်ပွားလေ့ရှိပြီး တစ်ခါတစ်ရံမှာ လိင်အင်္ဂါအနာဖြစ်ပွားတဲ့သူတွေလည်း ကူးစက်ဖြစ်ပွားတတ်ပါတယ်။ Monkeypox ဗိုင်းရပ်စ်ဟာ လိင်ဆက်ဆံခြင်းကလည်း ကူးစက်ဖြစ်ပွားနိုင်တယ်လို့ Nature ဂျာနယ်ရဲ့ ဆောင်းပါးထဲမှာ ဖော်ပြထားပါတယ်။

၂၀၁၇ ခုနှစ်တုန်းက ဒီရောဂါကို အသေအချာမကိုင်တွယ်ခဲ့ဘဲ လျစ်လျူရှုခဲ့တဲ့အတွက် အခုတော့ ကမ္ဘာကြီးဟာ အဲဒီအတွက် တန်ဖိုးကြီးကြီးပေးနေရပြီဖြစ်ပါတယ်။ အနောက်နိုင်ငံတွေမှာ Monkeypox ရောဂါဟာ လိင်ဆက်ဆံဖော်တွေနဲ့ ထိတွေ့ရာမှတစ်ဆင့် ကူးစက်ဖြစ်ပွားတဲ့ နောက်ကြောင်းတွေ



ရှိခဲ့တယ်လို့ နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးဌာနရဲ့ ကူးစက်ရောဂါကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်တဲ့ အဲဒီဆိုလာယင်ကာအိုဂွန်လီရီက ပြောလိုက်ပါတယ်။

**အနည်းနဲ့အများ သက်ရောက်မှုတွေရှိ**

ဥရောပနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတို့ဟာ ဒီရောဂါကို အခုချိန်အထိ ကြောက်စရာအကောင်းဆုံးနဲ့ အပြင်းဆုံးရောဂါအဖြစ် မမှတ်ယူသေးသော်လည်း ဒီရောဂါနဲ့ပတ်သက်ပြီး အနည်းနဲ့အများ သက်ရောက်မှုတွေရှိနေပါတယ်လို့ ဘာမင်ဂမ်တက္ကသိုလ်ရဲ့ ဇီဝဗေဒဗိုင်းရပ်စ်ဆဲလ်ဆိုင်ရာ ပါမောက္ခဂျေဆင်မာဆာက ပြောပါတယ်။

> ဥရောပနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတို့ဟာ ဒီရောဂါကို အခုချိန်အထိ ကြောက်စရာအကောင်းဆုံးနဲ့ အပြင်းဆုံးရောဂါအဖြစ် မမှတ်ယူသေးသော်လည်း ဒီရောဂါနဲ့ပတ်သက်ပြီး အနည်းနဲ့အများ သက်ရောက်မှုတွေ ရှိနေပါတယ်

တကယ့်ကြောက်စရာ အကောင်းဆုံးကတော့ Monkeypox ရောဂါဟာ အာဖရိကနိုင်ငံတွေ အတွက်တော့ တကယ့်ကို အရေးအကြီးဆုံး ပြဿနာတစ်ရပ်ဖြစ်နေတယ်လို့ မာဆာက ပြောပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော် အချိန်တုန်းက အဆိုပါရောဂါဟာ လူလူချင်း အရေအတွက်အများအပြား ကူးစက်ဖြစ်ပွားခဲ့ပါတယ်။

ဥရောပရဲ့ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ Monkeypox ရောဂါအပေါ် လျင်မြန်တဲ့ တုံ့ပြန်မှုကတော့ အာဖရိကနဲ့နှိုင်းယှဉ်လိုက်ရင်တော့ အများကြီး အားရစရာကောင်းပါတယ်။ အာဖရိကမှာ ဒီရောဂါဟာ ကူးစက်ပြန့်ပွားနေသော်လည်း ကာကွယ်ဆေးထိုးနှုန်းကတော့ ကျေနပ်စရာ မကောင်းပါဘူး။ အာဖရိကမှာ ကျန်းမာရေးစနစ်တွေဟာ အင်အားချည့်နဲ့လျက် ရှိပါတယ်။

ဥရောပနဲ့အာဖရိကရဲ့ကာကွယ်ဆေး မညီမျှမှုကတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတုန်းကလိုပဲ အခုရောဂါကူးစက်ဖြစ်ပွားတဲ့ အချိန်မှာလည်း အများကြီးကွာဟမှု ရှိနေပါတယ်။

**လိုသလောက်မရတဲ့ အခက်အခဲဖြစ်နေ**

သေဆုံးမှုနှုန်းကို လျှော့ချဖို့နဲ့ ကူးစက်ဖြစ်ပွားနှုန်းကို နည်းစေဖို့ ဥရောပနဲ့ အမေရိကမှာ Monkeypox ရောဂါအတွက် ကာကွယ်ဆေးတွေကတော့ အစုလိုက် အပုံလိုက်ပါပဲ။ သို့သော်လည်း အာဖရိကမှာတော့ လိုသလောက်မရတဲ့ အခက်အခဲဖြစ်နေပါတယ်။

ကြောက်စရာ ကောင်းလောက်အောင် ကာကွယ်ဆေး မညီမျှမှုတွေဖြစ်နေပါတယ်။ ကမ္ဘာတစ်ဝန်း ကာကွယ်ဆေးဖြန့်ဝေပေးနိုင်မှုနဲ့ ကာကွယ်ဆေးရရှိမှုအပိုင်းမှာတော့ လုံးဝကို မညီမျှဘူးလို့ လန်ဒန်အခြေစိုက် အင်န်ဂျီအိုတစ်ခုရဲ့ ညွှန်ကြားရေးမှူး မာတင်ဒရီဝီက ပြောပါတယ်။

ကာကွယ်ဆေးအပြင် ကမ္ဘာ့အစိတ်အပိုင်းအတော်များများမှာ အဲဒါတွေကို ဖြန့်ဝေပေးဖို့ လုံလောက်တဲ့ ကျန်းမာရေးစနစ်လည်း ချို့တဲ့နေတယ်လို့ မာတင်ဒရီဝီက ပြောပါတယ်။

Monkeypox ကူးစက်ဖြစ်ပွားတဲ့သူတွေကို အမြန်ဆုံး ခြေရာခံပြီး လျင်လျင်မြန်မြန် တုံ့ပြန်သွားဖို့လိုအပ်ပါတယ်။ အာဖရိကမှာ ဒီကူးစက်ဖြစ်ပွားနှုန်းဟာ ၂၀၀၁ မှ ၂၀၁၁ ခုနှစ်နဲ့ စာရင် ၂၀၁၂ မှ ၂၀၂၂ ခုနှစ်မှာ ၆၃ ရာခိုင်နှုန်း တိုးလာပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောပါတယ်။

အာဖရိကအနေနဲ့ ဒီအခက်အခဲအကျပ်အတည်းကို ကိုယ့်ဟာကိုယ် ဖြေရှင်းနိုင်မှာလားမေးရင် အဖြေကတော့ "နိုး" ပါပဲ။ ဥရောပနဲ့ အမေရိကန်နိုင်ငံဟာ လိုအပ်တဲ့ အကူအညီတွေကို ပေးရုံတင်မက စောင့်ကြည့်ဖို့၊ စမ်းသပ်စစ်ဆေးဖို့၊ ရောဂါရှာဖွေဖို့ ရောဂါရှာဖွေနိုင်အောင် သက်ဆိုင်သူတွေကို ကူညီလေ့ကျင့်ပေးဖို့၊ သတင်းပို့ဖို့၊ ကာကွယ်ဆေးထိုးနိုင်အောင် ဆောင်ရွက်ပေးဖို့ တို့ကိုပါ လုပ်ဆောင်ပေးဖို့ လိုပါတယ်။ အဲဒီလိုလုပ်ဆောင်မှသာလျှင် monkeypox ဗဟိုချက်နေရာဖြစ်တဲ့ အာဖရိကမှာ ဒီရောဂါကို ထိန်းချုပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား - ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၄ ရာခိုင်နှုန်းရှိ

(၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၃၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈၅၀၀၅၇၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃၉၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂၈၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၄) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၅၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၉၂) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၃) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၃၀) ခု | (၉)ဦး |
| စုစုပေါင်း | (၆,၃၃၆) ခု | (၁၅)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ၂၅-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၉၄၈၉၂ | ၈၇၄၃၂၁၈၄ | ၁၀၅၁၉၉၆ |
| ၂။ | အိန္ဒိယ | ၄၃၉၀၅၆၂၁ | ၄၃၂၂၈၆၇၀ | ၅၂၆၀၇၄ |
| ၃။ | ဘရာဇီး | ၃၃၅၉၁၃၃၅၆ | ၃၁၉၅၄၀၉၄ | ၆၇၇၀၂၁ |
| ၄။ | ပြင်သစ် | ၃၃၅၃၂၂၆၂ | ၃၁၃၀၀၈၂၃ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၃၇၂၇၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၁၆၉၉၀ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၆၀၀၆၅ | ၁၉၀၅၉၃၂၅ | ၁၇၀၈၇၅ |
| ၈။ | တောင်ကိုရီးယား | ၁၉၂၄၇၄၉၆ | ၁၈၄၂၆၉၈၉ | ၂၄၈၉၀ |
| ၉။ | ရုရှား | ၁၈၅၃၈၈၂၆ | ၁၇၉၄၂၉၀၈ | ၃၈၂၁၈၉ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

### ၂၅-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၈၈၄၄ | ၉၈၆၆၉၆၈ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၇၂၃၉၀ | ၅၉၇၅၀၁၁ | ၁၅၆၉၁၆ |
| မလေးရှား | ၄၆၅၁၆၅၁ | ၄၅၆၇၄၈၅ | ၃၅၉၁၄ |
| ထိုင်း | ၄၅၇၇၅၉၃ | ၄၅၂၂၄၁၉ | ၃၁၁၉၂ |
| ဖိလစ်ပိုင် | ၃၇၅၅၄၀၃ | ၃၆၆၇၀၈၄ | ၆၀၆၉၄ |
| စင်ကာပူ | ၁၆၅၉၁၅၆ | ၁၅၆၁၄၈၅ | ၁၄၇၆ |
| မြန်မာ | ၆၁၃၉၆၆ | ၅၉၂၈၂၃ | ၁၉၄၃၄ |
| လာအို | ၂၁၀၈၁၅ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၉၅၁၁၃ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၆၁၂ | ၁၃၃၄၀၈ | ၃၀၅၆ |

### လှည်းကူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများအား Booster အပိုထပ်ဆောင်း ထိုးနှံပေး

လှည်းကူး ဇူလိုင် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ အသက် ၁၅ နှစ်မှ ၁၈ နှစ်နှင့်အထက် ဒေသနေပြည်သူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Boooster အပိုထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဆင်ဖုန်ကျေးရွာအုပ်စုတွင် တာဝန်ရှိသူများက ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်စုတာဝန်ရှိသူများက ကာကွယ်ဆေးထိုးရန် လာရောက်သည့်ပြည်သူများအား စာရင်းရေးသွင်းပေးခြင်းနှင့် မှတ်တမ်းကောက်ယူခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသည်။

အေးအေးနွဲ့ (ပြန်/ဆက်)


ဘိအော် ဘိချောင်း ရှုခင်းအလှ။

# လန်ပိ (သို့မဟုတ်) မြန်မာနိုင်ငံ၏ ပထမဆုံး အဏ္ဏဝါအမျိုးသားဥယျာဉ်


သန္တာကျောက်တန်း ကျောက်ခက်အလှ

**သိန်းညွှန့်(PZL)**

"လန်ပိ"...။
မြန်မာနိုင်ငံ၏ ပထမဆုံး အဏ္ဏဝါအမျိုးသားဥယျာဉ်...။

အမိနိုင်ငံတော်၏ တောင်ဘက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းမြို့နယ်အတွင်း ကျရောက်သော ဒေသ...။

၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီး တစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် ကျွန်းမကြီးနှင့် ပတ်လည်ဝန်းကျင်၌ ကျွန်းငယ်ပေါင်း ၂၆ ကျွန်းဖြင့် စုဖွဲ့တည်ရှိနေသည်။

## ပင်လယ်ပျော် ဂျစ်ပစီ/ဆလုံများ နေထိုင်

ဤဥယျာဉ်သည် မြိတ်ကျွန်းစုဒေသအတွင်းရှိ မော်ကင်း (ပင်လယ်ပျော် ဂျစ်ပစီ/ဆလုံ) များ နေထိုင်ကြရာ ဒေသလည်းဖြစ်သည်။ ၎င်းတို့သည် မူလဒေသခံများဖြစ်ကြပြီး ဥယျာဉ်ပတ်ဝန်းကျင်တစ်ခွင်၌ မိသားစု ၇၀၀ ကျော်၊ လူဦးရေ ၂၅၀၀ ခန့် နေထိုင်ကြကြောင်း သိရသည်။

## အဏ္ဏဝါဂေဟစနစ်နှင့် မျိုးစိတ်များ ထိန်းသိမ်းကာကွယ်

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ရည်ရွယ်ချက် ငါးရပ်ဖြင့် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ၂၀၂၀-၂၀၂၁ မှသည် ၂၀၂၄-၂၀၂၅ အထိ စနစ်တကျ စီမံချက်ချမှတ်ကာ ဖော်ဆောင်လျက်ရှိကြောင်း သိမှတ်ရသည်။

အဆိုပါရည်ရွယ်ချက်ငါးရပ်တွင် "အဏ္ဏဝါဂေဟစနစ်နှင့် အဏ္ဏဝါမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရေး" သည် အဓိကဖြစ်သည်။ ထို့ပြင် ဒေသခံ ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို ဖော်ဆောင်လိုရင်းလည်း ပါဝင်သည်။

ယင်းအပြင် သဘာဝအခြေခံဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး၊ အဏ္ဏဝါဇီဝဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတို့သည်လည်း ပါဝင်လျက်ရှိသည်။

လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်သည် ကော့သောင်းခရိုင်အတွင်း ကျွန်းမကြီးနှင့် ကျွန်းငယ်များ အပါအဝင် ဧရိယာ ၇၈ ဒသမ ၉၅၁ စတုရန်းမိုင်၊ ဧက ၅၀၀၀၀ ကျော် ကျယ်ပြောသော ဒေသ ဖြစ်ပေသည်။

ရန်ကုန်မြို့မှသည် ကော့သောင်း၊ မြိတ်နှင့် ဘုတ်ပြင်းသို့ ဝေဟင်ခရီးဖြင့် ခရီးနှင်ကာ လန်ပိကျွန်းသို့မူ မြိတ်မြို့မှ ရေမိုင် ၉၀၊ ဘုတ်ပြင်းမြို့မှ ရေမိုင် ၄၀ ခန့် ဆက်လက်သွားရောက်ရမည်ဖြစ်သည်။ ကော့သောင်းမြို့မှဆိုပါက ရေမိုင် ၆၀ ခန့် ခရီးဆက်ရမည်ဖြစ်သည်။

ထုံးကျောက်နှင့် နှမ်းဖတ်ကျောက်တို့ဖြင့် ခင်းကျင်းထားသော လန်ပိကျွန်းဒေသသည် တောင်ကုန်းများ ထူပြောလှသည်။ သဲဆန်သော ကမ်းခြေ၊ ပင်လယ်အော်နှင့် မြစ်ချောင်းဆွယ်များဖြင့် သဘာဝအလှတရားများဖြစ်တည်ရာ အမျိုးသားဥယျာဉ်အဖြစ် ရှုမြင်ခံစားနိုင်ကြသည်။

## သန္တာကျောက်တန်းများ

"လန်ပိကျွန်း" ပင်လယ်ကမ်းခြေတွင် အပန်းဖြေအနားယူကြရင်း ရေကူး၊ လှေလှော်ပြုသူများကို တွေ့ရှိနိုင်သည်။ ပင်လယ်ရေတိမ်ဒေသဖြစ်ပေရာ စိတ်ဝင်တစား သုတေသနပြုလိုသူများအတွက် ဇီဝမျိုးစုံတို့ကို စူးစမ်းစေ့ငုခံစားနိုင်ကြမည်ဖြစ်သည်။ ပင်လယ်ရေပြင်အောက် သန္တာကျောက်တန်း၊ ကျောက်ခက်များကလည်း ညှို့သည်တော်များကို ဆွဲဆောင်လျက်ရှိသည်။

သုတေသနပညာရှင်များအတွက်မူ ပင်လယ်ဒီရေတော၊ သဲသောင်ခုံတောနှင့် ပင်လယ်ရေတိမ်ဒေသဂေဟစနစ်များကို လေ့လာအကဲဖြတ်နိုင်ကြမည်ဖြစ်ကာ ဒေသခံများ၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့များကလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်တည်လျက်ရှိပေသည်။

## ပွံ့ပိုးထောက်ကူ

ထူးခြားချက်များအဖြစ် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ ပင်လယ်မြက်ခင်းများသည် ပြင်သာလိပ်နှင့် ရေဝက်ကဲ့သို့သော မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျိုးစိတ်များအား အစာနှင့် နေထိုင်ကျက်စားရန် ပွံ့ပိုးထောက်ကူလျက်ရှိနေခြင်းပင်ဖြစ်သည်။

ထို့ပြင် ကမ်းဦးရေတိမ်နှင့် ရေနက်ပိုင်းများ၌ လာရောက်ကျက်စားနေထိုင်ကြသော ငှက်များအတွက်ပါ အထောက်အပံ့ ဖြစ်စေသည်။

မှတ်တမ်းပြုချက်များအရ ပင်လယ်ရေမှော် မျိုးစု ၄၆ စုနှင့် မျိုးစိတ် ၇၃ မျိုးရှိကြောင်း သိမှတ်ရပြီး စိမ်းပြာရေညှိမျိုးစိတ် နှစ်မျိုး၊ အစိမ်းရောင်ရေညှိ မျိုးစိတ် ၂၄ မျိုး၊ အညိုရောင်ရေညှိ မျိုးစိတ် ကိုးမျိုးနှင့် အနီရောင်ရေညှိ မျိုးစိတ် ၃၈ မျိုးတို့ကို ဥယျာဉ် ပင်လယ်မြက်ခင်းများ၌ တွေ့ရှိရသည် ဆို၏။

ထိုထိုသော အထက်ပါ အကြောင်းခြင်းရာများဖြင့် ပြည့်စုံကုံလုံနေသည့် အမြဲစိမ်းသစ်တော၊ ဒီရေတောနှင့် သဲသောင်ခုံတောများ ဖြန့်ကြက်ရာ၊ သန္တာကျောက်တန်းများ စုဝေးရာ၊ အောင်လောင်ငှက်များသားပေါက်ရာ၊ ပင်လယ်ကမ်းခြေ သဘာဝအလှအပများ စုဝေးဖြစ်တည်ရာ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ တစ်ခါတစ်ခေါက် အရောက်လှမ်းခဲ့ကြရန် ဖိတ်မန္တကပြုလိုက်ရပါသတည်း။

■

## ရေသတ္တဝါ(အရှင်)များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန် ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့် အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ရေသတ္တဝါအမည် | ဝယ်ယူစုဆောင်းခွင့် ပိတ်သည့်ကာလ |
|---|---|---|
| (က) | ကျောက်ပုစွန်၊ ကင်းပုစွန်၊ ငါးလင်ပန်း | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |
| ( ခ ) | ကျောက်ငါး | ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ |
| ( ဂ ) | ရေချိုငါးအားလုံး | မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ |
| (ဃ) | ရေငန်ပုစွန် | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ထိန်းသိမ်းကာကွယ်ရန် လိုအပ်နေသည့် အစိမ်းရောင်တံတိုင်းများ

**မြန်လင်းမောင်**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့သည် (၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ ဖြစ်သည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ၂၀၁၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် အထွေထွေညီလာခံကြီး၌ ဒီရေတော ဂေဟစနစ်၏ အရေးပါမှုကို သတိပြုမိစေရန်၊ ရေရှည်တည်တံ့သော ဒီရေတောဂေဟစနစ်များ စီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် အသုံးပြုမှုအတွက် အသိပညာများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍

**ကြိုးဝိုင်း / ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၇၂ ရာခိုင်နှုန်းအထိ လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၇ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၉ ရာခိုင်နှုန်းအထိလည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်**



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဒေသရှိ ဒီရေတောကို တွေ့ရစဉ်။




နှစ်စဉ် ဇူလိုင် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ ကျင်းပရန် သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။

ဒီရေတောသည် ရေငန်တွင်ပေါက်သောအပင်များဖြစ်ပြီး အပူပိုင်းနှင့် သမပိုင်းဒေသများရှိ ကမ်းရိုးတန်းများတစ်လျှောက်တွင် တွေ့ရလေ့ရှိသည်။ ဒီရေတောများသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူပိုင်းသစ်တောများအားလုံး၏ တစ်ရာခိုင်နှုန်းအောက်နှင့် သစ်တောမြေစုစုပေါင်း၏ ၀ ဒသမ ၄ ရာခိုင်နှုန်းအောက်သာ ရှိကြသော်လည်း ရှားပါးပြီးအံ့သြဖွယ်ကောင်းသည့် ဂေဟစနစ်တစ်ခု ဖြစ်သည်။ ဒီရေတောများသည် ဂေဟစနစ်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုများ အများအပြားကို ပေးစွမ်းနိုင်သောကြောင့် ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကမ်းရိုးတန်းဒေသများကို အကာအကွယ်ပေးနိုင်ခြင်း၊ မုန်တိုင်း၊ ဆူနာမီနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းမှ ကာကွယ်နိုင်ခြင်း၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ လေနှင့် မြေတိုက်စားမှုတို့ကို ကာကွယ်ပေးခြင်း၊ ငါးများ၊ ခရုများ၊ ရွှေ့ပြောင်းငှက်များနှင့် အင်းဆက်အမျိုးမျိုးတို့အတွက် နေထိုင်ရာ၊ သားပေါက်ရာနေရာနှင့် အာဟာရဓာတ်များရရှိစေသည့်အပြင် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ကုန်းနေ ရေနေသတ္တဝါများအတွက် အထောက်အပံ့ပေးနိုင်သဖြင့် ကြွယ်ဝသော ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းနိုင်ရန် ဝန်ဆောင်မှုပေးလျက် ရှိသည်။ ထို့ပြင် ဒီရေတော ဂေဟစနစ်များသည် ကမ်းရိုးတန်းများတွင် မှီတင်းနေထိုင်ကြသည့် ဒေသခံများအတွက် အဓိက ဝင်ငွေရရှိစေသည့်အပြင် ငါးလုပ်ငန်းနှင့် ငါးသယံဇာတများ အစဉ်တည်တံ့စေရေးအတွက် အထူးအရေးပါလျက် ရှိသည်။

ဒီရေတောများက မြန်မာ့ကမ်းရိုးတန်းဒေသများကို သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ အကာအကွယ်ပေးလျက်ရှိသည့်အပြင် ဒီရေတောများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များတွင် အလွန်အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက် ရှိသည်။ ဒီရေတောများသည် အခြားသစ်တောအမျိုးအစားနှင့် နှိုင်းယှဉ်ပါက ကာဗွန်စုပ်ယူသိုလှောင်နိုင်စွမ်းအား ငါးဆမှ ဆယ်ဆခန့်အထိရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပူနွေးလာမှု ဖြစ်စဉ်များလျှော့ချရေးအတွက် ဒီရေတောထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးကို ကမ္ဘာတစ်ဝန်း အလေးထားဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိပြီး ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာ၊ ကမ်းဦးရေတိမ်ပိုင်း ရေပြင်အကျယ်အဝန်းမှာ ၂၂၈၀၀၀ စတုရန်း ကီလိုမီတာခန့်နှင့် အထူးသီးသန့်စီးပွားရေးဇုန်ဧရိယာ ၄၈၆၀၀၀ စတုရန်း ကီလိုမီတာခန့်ကို ပိုင်ဆိုင်ထားကာ ဇီဝမျိုးစုံမျိုးကွဲများစွာ တည်ရှိကျက်စားနေထိုင်ကြသည့် ရေငန်ဂေဟစနစ်ကြီးတစ်ခုလုံးကို ပိုင်ဆိုင်ထားလျက်ရှိသည်။ အဆိုပါဂေဟစနစ်တွင် ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်း၊ လတာပြင်၊ မြစ်ဝနှင့် သဲသောင်ကမ်းခြေဂေဟစနစ်များ စသည်တို့ပါဝင်သည့် အဏ္ဏဝါဂေဟစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်နိုင်ရန် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်လျက် ရှိသည်။

One Earth ၏ အချက်အလက်များအရ မြန်မာ့ဒီရေတောများသည် ကမ္ဘာ့ဒီရေတောဧရိယာ စုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ဒီရေတောဧရိယာဟက်တာပေါင်း ၂၁ သန်း(ဧကပေါင်း ၅၂ သန်းခန့်) ပေါက်ရောက်လျက်ရှိသဖြင့် အာရှဒေသတွင် တတိယအများဆုံးနှင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်အများဆုံး ဒီရေတောအဖြစ်ထိန်းသိမ်းထားနိုင်ခဲ့ပြီ ဖြစ်သည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်းအရ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏၂၅ ဒသမ ၇၂ ရာခိုင်နှုန်းအထိလည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၇ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၉ ရာခိုင်နှုန်းအထိလည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းရှိ ဒီရေတောများသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဒီရေတောများအကြား ဒီရေတောအပင်မျိုးစိတ်များ ပေါကြွယ်ဝမှုအမြင့်မားဆုံးများထဲမှ တစ်ခုဖြစ်သည့်အပြင် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဒီရေတောသစ်မျိုး နှစ်မျိုးဖြစ်သည့် မြိုင်ကြီးပင် (Bruguiera hainesii) နှင့် ကနစိုးပင် (Heritiera fomes) တို့ကို ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိသည်။

တစ်ကမ္ဘာလုံးတွင် ဒီရေတောများသည် လုံးဝပျက်စီးရန် အန္တရာယ်ရှိနေပြီး Global Mangrove Alliance ၏ အဆိုအရ ယနေ့အထိ ဒီရေတောများ၏ ခန့်မှန်းခြေ ၆၇ ရာခိုင်နှုန်း ပျက်စီးဆုံးရှုံးခဲ့ပြီဖြစ်ကာ နောက်ထပ် တစ်ရာခိုင်နှုန်းသည် နှစ်စဉ်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ ခြုံငုံသုံးသပ်ကြည့်ပါက ဒီရေတောများသည် ကမ္ဘာ့သစ်တောများ ဆုံးရှုံးမှုထက် ၃ ဆမှ ၅ ဆအထိ ပိုမိုမြန်ဆန်လျက်ရှိသောကြောင့် ဒီရေတောများကို ကာကွယ်ထိန်းသိမ်းနိုင်ရန် အလွန်အရေးကြီးသည်။

မြန်မာ့ဒီရေတောများ၏ အခြေအနေမှာလည်း ဧရာဝတီတိုင်းဒေသကြီးတွင် သိသိသာသာကျဆင်းလျက်ရှိပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဒီရေတောများ နိမ့်ပါးလျော့ကျလာလျက်ရှိသည်။ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက် အစီရင်ခံစာ (၂၀၁၈)အရ ၁၉၇၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ကြားကာလတွင် ဒီရေတောပမာဏ လျော့ကျမှုနှုန်း မှာ ၆၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး တစ်နှစ်လျှင် ပျမ်းမျှ ၃ ဒသမ ၁ ရာခိုင်နှုန်းလျော့ကျလျက်ရှိသောကြောင့် အခြားသစ်တောအမျိုးအစားများ ပြုန်းတီးမှုထက် ပိုမိုမြင့်မားလျက်ရှိသည်။ မြန်မာ့ဒီရေတောများတွင် ကျန်ရှိသောနေရာအနည်းငယ်အနက် မိန်းမလှကျွန်းဘေးမဲ့တောနှင့် တနင်္သာရီတိုင်းဒေသကြီး၌ လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်ဒေသရှိ ဒီရေတောများသာ မပျက်စီးဘဲ ကျန်ရှိနေသေးကြောင်း သိရသည်။

ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ရပ်ရှိရာ ပန်းတိုင် (၁၄) သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်ပန်းတိုင်ဖြစ်ရာ အစိမ်းရောင်တံတိုင်းများသဖွယ် အကာအကွယ်ပေးနေသည့် ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသ သစ်တောများပျက်စီးခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ကမ်းရိုးတန်းဒေသ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ သယံဇာတနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် အဏ္ဏဝါညစ်ညမ်းခြင်း၊ ရေဝေရေလဲဒေသများ လျော့ပါးပျက်စီးလာခြင်း စသည့်ပြဿနာများကို ဖြေရှင်းနိုင်ရန် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသထိန်းသိမ်းရေးစီမံကိန်းများကို အလေးပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ကိုးကား - https:// www.oneearth.org / bioregions / myanmar-coastal-rainforests-andaman-sea-islands-im9/
- https:// www.careourearth.com / world-mangrove-day/

**ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ရပ်ရှိရာ ပန်းတိုင် (၁၄) သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်ပန်းတိုင်ဖြစ်ရာ အစိမ်းရောင်တံတိုင်းများသဖွယ် အကာအကွယ်ပေးနေသည့် ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသ သစ်တောများပျက်စီးခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ကမ်းရိုးတန်းဒေသ ခရီးသွားလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ သယံဇာတနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် အဏ္ဏဝါညစ်ညမ်းခြင်း၊ ရေဝေရေလဲဒေသများ လျော့ပါးပျက်စီးလာခြင်း စသည့်ပြဿနာများကိုဖြေရှင်းနိုင်ရန် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ထိန်းသိမ်းရေးစီမံကိန်းများကို အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  ဇူလိုင်  ၂၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာနေ ဇော်မျိုးထွဋ်သည် ၎င်းအသုံးပြုသည့် “Zaw Myo Htut” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ အောင်ခန့်သည် ၎င်းအသုံးပြုသည့် “Aung Khant” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော်  ဇူလိုင်  ၂၅**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ရှောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျူတန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများက အဆိုပါကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် အလျားပေ ၁၀၀၊ အနံပေ ၃၀ ခန့်ရှိ RC တစ်ထပ်တိုက် စာသင်ခန်းအတွင်းရှိ စာရွက်စာတမ်းများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန်အားပေးလှုံ့ဆော်နေသည့် NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

မြို့နယ် (ဓ) ရပ်ကွက်နေ ဦးစိုင်းဆေပန်ခ (၃၈)နှစ် (ဘ)ဦးစိုင်းမြင့်ဖေ ပိုင်ဆိုင်သည့် ၁၂၅ လမ်း၊ ၅၈ လမ်းနှင့် ၅၉ လမ်း ကြား (စ) ရပ်ကွက်ရှိ မေသစ်ရွှေဆိုင်သို့ အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ရွှေဆိုင်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် သုံးချက်ခန့် ပစ်ခတ်ခြိမ်းခြောက်ကာ ရွှေဆိုင်အရောင်းကောင်တာ အတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀၅ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၆၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၆၅ သိန်းခန့်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဆိုင်အတွင်းရှိနေသည့် ရွှေဆိုင်လုံခြုံရေးဝန်ထမ်းဖြစ်သူ မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်နေ ဦးဖြိုးမင်းစိုး (၃၇) နှစ် (ဘ) ဦးခင်မောင်စိုးတွင် ဝဲခြေဖမိုး ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး အခင်းဖြစ်နေရာအနီးမှ G.F.L Auto 380 ကျည်ခွံ သုံးခုတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရွှေဆိုင်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့် ငွေများ လုယက်ယူဆောင်သွားခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၆၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်  ဇူလိုင်  ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ဇူလိုင် ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၆၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဇူလိုင်  ၂၅**

မြိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေဒူးကျေးရွာ မြိတ်-တနင်္သာရီသွားကားလမ်းတွင် အောင်ဇော်ထွေး (ခ) နောင်လုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၇-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၃၅ ပုလဲကျေးရွာမှ အဖိုးတန်ရတနာလေးများ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ MRTV National News
- ၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၇:၀၅ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
- ၁၇:၃၀ ထိန်းသိမ်းပြုပြင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခွင်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၃၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၇)

**mitv**

- 07:01 Evergreen Classic : Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:07 Alms Bowl
- 07:27 Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
- 07:42 A Lucky Boy
- 08:01 Healthy Diet: Detox Water
- 08:10 Finding Ways for Coexistence between People and Elephants
- 08:24 Now in Yangon
- 08:30 Great Shwedagon - Historic And Mysterious Places
- 09:01 News
- 09:26 Global Partnership for Brighter Future: Luxembourg Pavilion at Expo 2020 Dubai
- 09:34 Dances of Myanmar: Lisu Traditional Dance
- 09:39 Waso Charity Feast

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အင်းရဲကျွန်းဒေသထွက် မျှင်ငါးပိ
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ချိုအိမွှေးတဲ့ ကောက်ညှင်းကျည်တောက်
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ(အပိုင်း-၄၇)
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းရိုးပြတိုက်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** နော်ဘူဘော ဆုတောင်းတောင်
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ဘာသာစကား ပြောကြရအောင်(အပိုင်း-၂)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** စော်ဘွားကြီးစဝ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်းသမိုင်း
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဒွိမားဆန်ပြုတ်ချက်နည်း
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ခေါင်ရည်တဆေးနှင့် ခေါင်ရည်ပြုလုပ်ပုံ
- **ကယား (၂၀:၀၀ မှ ၂၁:၀၀)** မိုးသားတိမ်ထုအောက်က လွိုင်နန်းဖတောင်အလှ
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်သမိုင်းကြောင်း(ယဉ်ကျေးမှု)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၅ လျှင်မြန်တိုးချဲ့စီးပွားတက် တိုင်းရင်းကြက်ရဲ့အားသာချက်
- ၀၇:၂၀ ပြုံးပန်းဝေဖြာတို့တောရွာ
- ၀၈:၂၀ မြန်မာ့အပူပိုင်းဒေသအတွက် ပျော့ရှာမြစ်ရေတင်
- ၀၈:၅၅ မှန်ကန်ရွေးချယ်သီးနှံပုံစံများစိုက်ပျိုးဖို့ရယ် ကျောက်ဆည်ခြံမှာလေ့လာကြမယ်
- ၀၉:၀၀ မျိုးစေ့တစ်စေ့၏တန်ဖိုး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက်(၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ - မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ ပြည်သူနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာမများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များအား လုယက်ယူဆောင်ခဲ့သည့်ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းတော်မြို့ ဖြူစင်မေတ္တာဘိုးဘွားရိပ်သာ အဆောက်အအုံ ယခုနှစ်ဆောင်းရာသီအမီ ဖွင့်လှစ်မည်

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်တွင် တည်ဆောက်နေသော ဖြူစင်မေတ္တာ ဘိုးဘွားရိပ်သာကို ၂၀၂၂ ခုနှစ် ဆောင်းရာသီအမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးကျော်ဦးက ပြောသည်။

အဆိုပါဘိုးဘွားရိပ်သာကို ရန်ကုန်မြို့နေ ဗုဒ္ဓဂယာဘုရားဖူးအေးဂျင့် ဒေါ်ခင်မာရီက ငွေကျပ်သိန်း ၅၀ မတည်၍ မြေအလှူရှင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နေ ဦးကျော်သိန်း-ဒေါ်ဖြူမိသားစုက ငွေကျပ်သိန်း ၂၆၀ နှင့် စက်ရေတွင်း လှူဒါန်းခဲ့ပြီး ကျန်အလှူရှင်များ စုပေါင်းထည့်ဝင်တည်ဆောက်ထားသော ဖြူစင်မေတ္တာ ဘိုးဘွားရိပ်သာ အဆောက်အအုံမှာ ပြီးစီးလုနီးပါးဖြစ်သဖြင့် ယခုနှစ်ဆောင်းအမီ ရိပ်သာဖွင့်ပွဲ ပြုလုပ်သွားမည်ဖြစ်သည်။

ထိုအဆောက်အအုံပြီးစီးသွားပါက ခိုကိုးရာမဲ့ အဘိုး၊ အဘွားများအတွက် စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ နေထိုင်ရေးတို့အတွက် အဆင်ပြေသွားမည်ဖြစ်ကြောင်း အသင်းအမှုဆောင် ဦးဝင်းဦးက ပြောသည်။

**လူအောင်(ကသာ)**

## ယနေ့စျေးကွက်ပေါက်စျေးများ

၂၅-၇-၂၀၂၂

**ရွှေ**

၂၅-၇-၂၀၂၂ စျေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၅ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၆၀ ကျပ် | ၁၇၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၁၀ ကျပ် | ၁၇၆၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၉၄ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၆ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၇ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၂၀၅ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၅၀၀ | ၁၅၃ | ၁၁၂၂၁၀၀ |
| MTSH | ၂၅၀၀ | ၂၅၅၀ | ၃၂၄၃ | ၈၁၅၉၄၅၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၂ | ၁၄၄၀၀ |
| FPB | ၁၈၀၀၀ | ၁၇၅၀၀ | ၃၉၀ | ၆၈၇၀၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၇၀၀ | ၁၆၈၀၀၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၀ | ၂၅၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂ | ၉၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပင်းတယမြို့နယ်ထွက် အော်ဂဲနစ်နဂါးမောက်သီးများ မြို့ကြီးများသို့ တင်ပို့ရောင်းချ



**ပင်းတယ ဇူလိုင် ၂၅**
ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှ ထွက်ရှိသည့်အော်ဂဲနစ်နဂါးမောက်သီးများကို တခြားဒေသများရှိ ဈေးကွက်များသို့ ဖြန့်ချိတင်ပို့ရောင်းချလျက်ရှိသည်။

ပင်းတယမြို့နယ်ထွက် သဘာဝအော်ဂဲနစ်နည်းပညာစနစ်များဖြင့် စိုက်ပျိုးထားသည့် နဂါးမောက်သီးများ ဇူလိုင်လဝက်ခန့်မှစတင်ကာ ဈေးကွက်အတွင်းရောက်ရှိနေပြီဖြစ်သည်။ နဂါးမောက်စိုက်ပျိုးရာတွင် သဘာဝမြေသြဇာဖြစ်သည့် ကြက်ချေး၊ နွားချေး၊ ဖွဲပြာများကိုသာ အသုံးပြုစိုက်ပျိုးရသည်။ စိုက်ပျိုးပြီး ကာလရှစ်လခန့်ကြာလျှင် အသီးများရင့်မှည့်ခူးဆွတ်နိုင်ပြီး ရေကြိုက်သော်လည်း ရေဝပ်နေသည်ကို မနှစ်သက်ပေ။ အပင်ပိုးကျခြင်းဖြစ်သည့် မှိုရောဂါနှင့် ဘက်တီးရီးယားရောဂါများကာကွယ်ရန်အထူးဂရုပြုရမည်ဖြစ်သည်။ ခရုတွယ်လျှင် ကောက်ယူ၍ အပင်နှင့်ဝေးရာသို့ လွှင့်ပစ်ရမည်ဖြစ်ပြီး အပင်ရင်းတွင် ကြက်ဥခွံချေ၍လည်းကောင်း၊ ပြာများဖြင့်လည်းကောင်း ကြဲချပေးရမည်ဖြစ်သည်။ နဂါးမောက်သီးများကို ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရယူကာ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာစနစ်များဖြင့် စိုက်ပျိုးထားရှိကြောင်း သိရသည်။ တောင်ပေါ်ဒေသ၊ တော၊ တောင်၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးထားခြင်းဖြစ်ပြီး အော်ဂဲနစ်နဂါးမောက်စိုက်ခင်းများမှထွက်ရှိသည့် ထိုင်းနိုင်ငံမျိုးရင်း နဂါးမောက်တစ်ပင်လျှင် အလုံးရေ ၂၅ လုံးခန့်ထွက်ရှိကာ နဂါးမောက်သီးအလုံး ၃၀ ပါ တစ်သေတ္တာကို ငွေကျပ် ၁၂၀၀၀ ခန့်ရရှိကြောင်း၊ နဂါးမောက်သီးဈေးကွက်တွင် အလုံးအရွယ်အစားပေါ်မူတည်၍ အသေး၊ အလတ်၊ အကြီးဟူ၍ ငွေကျပ် ၄၀၀၊ ၅၀၀၊ ၆၀၀ အထိ ရရှိကြောင်းနှင့် အလုံးအရွယ်အစား ဆိုက်စုံတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ခန့်ဖြင့် ဖောက်သည်ဈေးရှိပြီး ပင်းတယမြို့မှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အောင်လံမြို့၌ ဝါသီးနှံ (ဝါမျိုးစေ့ချကိရိယာ)ဖြင့် သုတေသနစမ်းသပ်စိုက်ပျိုး



**အောင်လံ ဇူလိုင် ၂၅**
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၀)စက်မှုလယ်ယာစခန်းမှ ဝါသီးနှံ နှစ်ဧက ဝါမျိုးစေ့ချကိရိယာဖြင့် သုတေသနစမ်းသပ်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ဂုံတောစံပြကျေးရွာ တောင်သူဦးဝင်းရှိန်၏ စိုက်ခင်းတွင် ပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မကွေးမြို့ အမှတ်(၃)အလတ်စား စက်ပြင်အလုပ်ရုံ စက်ရုံမှူး ဦးကိုကိုဦး၊ အမှတ်(၁၀) စက်မှုလယ်ယာစခန်းမှ ခရိုင်ဦးစီးမှူး ဦးအောင်ကြင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်သည်။

ထို့နောက် ယခုအချိန်အခါ၌ ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးမှု လုပ်ငန်းစဉ်တွင် ဒေသခံတောင်သူများ၊ လယ်ယာလုပ်ငန်းခွင်တွင် စက်အင်အားဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုစိတ်ဝင်စားလာကြပါသဖြင့် အမှတ်(၁၀) စက်မှုလယ်ယာစခန်း အောင်လံမြို့အနေဖြင့် ဒေသတွင်းဝါသီးနှံ နှစ်ဧကကို မြေယာပြုပြင်သည်မှ ခူးဆွတ်သည်အထိ စက်စွမ်းအား၊ လူစွမ်းအားဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

(၁၁) ကြိမ်မြောက်
တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
The 11th Traditional Medicine Research Congress
၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

# ကျွန်းလှမြို့နယ်၌ မိုးစပါး မျိုးစေ့ထုတ်ကွက် ဧက ၂၀၀နှင့် စံပြကွက် ဧက ၂၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးမျိုးစေ့ထုတ်ကွက် ဧက ၂၀၀ နှင့် တစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိရေး စံပြကွက်ဧက ၂၀ စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ မိုးစပါး မျိုးစေ့ထုတ်ကွက်နဲ့ စံပြကွက် စိုက်ပျိုးဖို့ ဇွန်လက ရေတင်ပျိုးထောင်ကြပြီး ဇူလိုင်လမှာ စတင်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးမယ့် တောင်သူတွေကိုလည်း ရောမင်းမျိုးစေ့နဲ့ ဓာတ်မြေသြဇာ ထောက်ပံ့ပေးပါတယ်။ အခုအခါ စံပြကွက်တွေ စိုက်ပျိုးပြီးဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မျိုးစေ့ထုတ်ကွက်နှင့် စံပြကွက် စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ပျိုးထောင်နည်း၊ စိုက်ပျိုးနည်း သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြခြင်း၊ ဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါး ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၂၄၀၄၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေစပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မော်တော်ယာဉ်မောင်းနှင်သူများ “ဂ” ကွေ့ ကွေ့ရာတွင် လိုက်နာရမည့် အချက်များ (နည်းဥပဒေ ၂၉၄)

၁။ မော်တော်ယာဉ်မောင်းနှင်သူများသည် အောက်ပါနေရာများတွင် မည်သည့်မော်တော်ယာဉ်မျှ “ဂ” ကွေ့ မကွေ့ရပါ-

(၁) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(၂) လမ်းအလယ်တွင် အလျားလိုက် တစ်ဆက်တည်းရေးဆွဲထားသော မျဉ်းဖြူ မျဉ်းဝါ တစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းရှိသောလမ်း၊
(၃) ခွင့်မပြုသော လမ်းဆုံလမ်းခွ၊
(၄) လမ်းထောင့်၊ လမ်းကွေ့၊
(၅) ကုန်းထိပ်နှင့် ယင်းမှ ၃၂၈ ပေ (၁၀၀ မီတာ)အတွင်း၊
(၆) တံတားအဝင်ဝနှင့် တံတားပေါ်၊
(၇) တစ်လမ်းမောင်းလမ်း၊
(၈) “ဂ” ကွေ့ မကွေ့ရဟု တားမြစ်ထားသောနေရာ၊
(၉) “လမ်းမပိတ်ရ” အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(၁၀)ကျောင်း၊ ဆေးရုံ၊ မီးသတ်စခန်းတို့၏ရှေ့။

၂။ “ဂ” ကွေ့ ကွေ့နိုင်သောနေရာတွင် ကွေ့လိုလျှင် မိမိ ရှေ့၊ နောက် မော်တော်ယာဉ်အသွားအလာ ရှင်းမှ ကွေ့ရမည်။ လမ်းကျဉ်း၍ ရှေ့တိုးနောက်ဆုတ် ကွေ့ရပါက အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်းမဖြစ်စေရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လှိုင်းတက်ကျေးရွာနှင့် ယင်းမာပင်ကျေးရွာကြား လမ်းဘေးဝဲယာတစ်လျှောက် တမာပင် ၁၀၀၀ စိုက်ပျိုး

**သာစည် ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီဖြင့် ပူးပေါင်းကာ ဇူလိုင် ၂၃ ရက်က မိတ္ထီလာ-တောင်ကြီး ကားလမ်းဘေး မိုင်တိုင်အမှတ်(၂၄/၇) အနီး၌ ကျင်းပကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကွဲတပ်ဆုံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက အရိပ်ရတမာပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ အရိပ်ရတမာပင် ၁၀၀၀ ကို မိတ္ထီလာ-တောင်ကြီးကားလမ်း လှိုင်းတက်ကျေးရွာနှင့် ယင်းမာပင်ကျေးရွာကြား မိုင်တိုင်အမှတ် (၂၂/၄) နှင့် (၃၅/၀) မိုင် လမ်းဘေးဝဲယာတစ်လျှောက်တွင် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မင်းထွန်း-၂ ထံက သိရသည်။

သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်ပင်စိုက်ပွဲများ၊ ဌာနအလိုက် လမ်းဘေးဝဲယာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းများ စသည်ဖြင့် စိုက်ပျိုးပြီးသစ်ပင်များကို တစ်ပင်စိုက်တစ်ပင်ဖြစ်ထွန်းနိုင်ရန် အပင်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများပေးပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပသည်။**

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူချွန်လူကောင်းသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

**အောင်ချက်ရာခိုင်နှုန်းတိုးလာ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ၃၂ ဒသမ ၅၀ ရာခိုင်နှုန်းရှိပြီး ယခုနှစ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၄၇ ဒသမ ၁၈ ရာခိုင်နှုန်းရှိရာ ယခုနှစ်အောင်ချက် ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရှိရပါကြောင်း၊ ယခုစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း ရရှိနေသည့်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူတော်လူကောင်းများ ဖြစ်လာစေရေးနှင့် အဆင့်မြင့်ပညာရပ်များကို ဆတက်ထမ်းပိုး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး ဆုရရှိခဲ့သည့် တပ်ကုန်းမြို့နယ် တောင်ပို့သာ အခြေခံပညာအထက်တန်းကျောင်းမှ အောင်ချက်အကောင်းဆုံး ဒိုင်းဆုကို ပြန်လည်လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အောင်ချက်အကောင်းဆုံး ဆုရရှိခဲ့သည့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်း အခြေခံပညာ အထက်တန်းကျောင်းကို ဒိုင်းဆု၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လေးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင် သင်ကြားပေးနိုင်ခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် အမြဲတမ်းအတွင်းဝန်တို့က ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး အစိုးရအထက်တန်းကျောင်းများနှင့် မြို့နယ်များကို ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယရရှိသူ ခြောက်ဘာသာ ဂုဏ်ထူးရှင် မရွှေခေတ်ပိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးများရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ဆုရကျောင်းများမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ခြောက်ဘာသာဂုဏ်ထူးရှင်၂၆ ဦး**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်၂၆ ဦး၊ ငါးဘာသာ ၄၄ ဦး၊ လေးဘာသာ ၆၉ ဦး၊ သုံးဘာသာ ၂၉၁ ဦး၊ နှစ်ဘာသာ ၄၂၆ ဦး၊ တစ်ဘာသာ ၂၃၂၅ ဦး စုစုပေါင်းဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၃၁၈၁ ဦးရှိပြီး အောင်ချက်အကောင်းဆုံးဆုရ အစိုးရအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း စုစုပေါင်းငါးကျောင်းနှင့် အောင်ချက် အကောင်းဆုံးဆုရ မြို့နယ်သုံးမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပြည်သူ့ဆက်ဆံရေးဘာသာရပ်သင်တန်းဖွင့်

## မော်တော်ယာဉ်နှင့် ဆိုင်ကယ်ဆိုင်ရာလိုအပ်မှုများ အချိန်တိုအတွင်းစိတ်ကျေနပ်မှုရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်



နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပြည်သူ့ဆက်ဆံရေး ဘာသာရပ်သင်တန်း အမှတ်စဉ်(၂/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက အဆိုပါ ဦးစီးဌာန နေပြည်တော် ယာဉ်မောင်းစစ်ဆေးရေးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက အမှာစကား ပြောကြားရာတွင် ဌာနဝန်ထမ်းများအနေဖြင့် ဝန်ဆောင်မှုပေးရာတွင် ပြည်သူတစ်ဦးအနေဖြင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ဆိုင်ရာ လိုအပ်မှုများကို အချိန်တိုအတွင်း အဆင်ပြေစွာဖြင့် စိတ်ကျေနပ်မှုရရှိစေရန် ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ သင်တန်းမှရရှိသော အသိပညာ ဗဟုသုတများဖြင့် ပြည်သူကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးရန်၊ ပြုံးရွှင်ယဉ်ကျေးစွာ ပြုမူပြောဆို ဆက်ဆံကြစေရန် ဖြစ်ပြီး သင်တန်းမှ သင်ကြားပို့ချမှုများကို သေချာစွာ လေ့လာမှတ်သားကြရန်နှင့် နားလည်သဘောပေါက်ပြီး နှလုံးသွင်းဆင်ခြင်၍ ပြည်သူအား စိတ်ကျေနပ်မှုနှင့် စိတ်ချမ်းမြေ့မှုရရှိစေရန် ဝန်ထမ်းတိုင်းက အကောင်းဆုံး ဝန်ဆောင်မှုပေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ပြည်သူ့ဆက်ဆံရေး သာသာရပ်သင်တန်း(၂/၂၀၂၂)ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) နှင့် နေပြည်တော်တိုင်းရုံးတို့မှ ဝန်ထမ်း စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပြည်သူ့ဆက်ဆံရေး ကဏ္ဍ၊ ကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်းနှင့် သုံးသပ်ဆောင်ရွက်ရမည့် အခြေအနေအရပ်ရပ်၊ မေတ္တာ အပြုံးနှင့် ကရုဏာနှလုံးသား၊ ပြည်သူ့ဆက်ဆံရေး သင်ခန်းစာ မှတ်စုတို့ကို ရက်သတ္တတစ်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**မျိုးမြင့် (ပြန်/ဆက်)**

## မလေးရှားကို အနိုင်ယူပြီး မြန်မာအသင်း အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၅

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၂၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (ခ) အခြားပွဲတွင် ဩစတြေးလျအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

ယခုပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းမှ ကစားသမားအများစုမှာ နိုင်ငံတကာအတွေ့အကြုံ မရှိသည့်အပြင် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲလည်း မကစားထားရသဖြင့် အုပ်စုအဖွင့်ပွဲဖြစ်သည့် မလေးရှားနှင့်ပွဲတွင် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ပွဲဦးထွက် အမှတ်ပြည့် ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အမှတ်ပြည့် ရရှိခဲ့သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဦးခင် (ဂိုး)၊ မေသက်မွန်မြင့်၊ ကြယ်စင်၊ ရွှန်းလဲ့နိုင်၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ ဟေမာန်စိုး၊ နန်းချိုမွှေး၊ ဝေနှင်းဖြိုး၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမဆုံးနိုင်ငံတကာပွဲဖြစ်သောကြောင့် မြန်မာကစားသမားအများစုမှာ ပထမပိုင်းတွင် ရုန်းကန်ခဲ့ရပြီး ဂိုးမသွင်းယူနိုင်ခဲ့ပေ။ မိနစ် ၆၀ တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး ဆုမြတ်နိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၂ မိနစ်တွင် မေသက်မွန်မြင့်က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ဆက်လက်ကျင်းပသည်။

အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ နေပြည်တော်စည်ပင်အသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့အသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၁) အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အလုပ်သမားဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပထမအဆင့် ရှုံးထွက်ပြိုင်ပွဲများကို ဇူလိုင် ၂၆ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပိုက်ကျော်ခြင်းအားကစားကို စိတ်ဝင်စားသူမည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **အားကာမောင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ်(၁)နှင့်(၃)၌ ဆက်လက်ကျင်းပသည်။

ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ် (၁) ၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအမှတ် (၃) ၌ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဇူလိုင် ၂၆ ရက်တွင် ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအမှတ်(၁)၌ ရော်ဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအမှတ် (၃) ၌ ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**အားကာမောင်**

# ရော်ဝတီအသင်း၏ နိုင်ပွဲဆက်နေမှုကို အား/ကာသိပ္ပံအသင်း ရပ်တန့်

**ရန်ကုန် ဇူလိုင် ၂၅**



ရော်ဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်နေစဉ်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) တတိယနေ့အဖြစ် ရော်ဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ဇူလိုင် ၂၅ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

ယခုရာသီတွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် အား/ကာသိပ္ပံအသင်းသည် ရော်ဝတီအသင်း၏ နိုင်ပွဲဆက်နေမှုကို ရပ်တန့်ကာ သရေတစ်မှတ်ခွဲယူခဲ့သည်။ သုံးပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲရနေသည့် ရော်ဝတီအသင်းသည် ယခုရာသီတွင် ဂိုးပေါက်ပျောက်ဆုံးခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ခံစစ်မကစားဘဲ တိုက်စစ်ကစားခဲ့သဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ နှစ်သင်းစလုံးရရှိသည့် ဂိုးသွင်းခွင့်များကို အသုံးမချနိုင်သဖြင့် ယခုရာသီ၏ ပထမဆုံး သရေပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ငါးပွဲစီကစားအပြီးတွင် ရော်ဝတီအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ခုနစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၅) လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ဇူလိုင် ၂၈ ရက်တွင် ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# မန်ယူအသင်း တိုက်စစ်ကစားသမား အန်သိုနီမာရှယ်ကို ဂျူဗင်တပ်စ် ခေါ်ယူလို

**ရန်ကုန် ဇူလိုင် ၂၅**

ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား အန်သိုနီမာရှယ်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း မန်ယူအသင်းက အဆိုပါ ကစားသမားကို ရောင်းထုတ်သွားဖွယ်မရှိကြောင်း သိရသည်။

နည်းပြရန်းနစ်လက်ထက် တွင် မာရှယ်၏ အနာဂတ်နှင့်ပတ်သက်ပြီး သံသယအနေအထားတွင်ရှိသော်လည်း ယခုနှစ်တွင် အိုးထရက်ဖို့ဒ်သို့ နည်းပြသစ်တန်ဟတ် ရောက်ရှိလာမှုနှင့်အတူ ရာသီအကြို ခြေစမ်းပွဲများတွင် ခြေစွမ်းပြသထားနိုင်သည့်အတွက် မာရှယ်ကိုအသင်းတွင် ထိန်းထားဖွယ်ရှိနေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် အသင်းတွင် အငှားကစားနေသည့် တိုက်စစ်ကစားသမား မိုရာတာ အက်သလက်တီကို မက်ဒရစ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့သွားသည့်အတွက် တိုက်စစ်ကစားသမား တစ်ဦးခေါ်ယူရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ မိုရာတာသည် ဂျူဗင်တပ်စ်အသင်းတွင် နှစ်ရာသီကြာ အငှားကစားခဲ့ပြီး ၈၂ ပွဲတွင် ၃၂ ဂိုးသွင်းယူပေးထားသည်။

ဂျူဗင်တပ်စ်အသင်းသည် ဇူလိုင် ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချီဗက်စ်အသင်းနှင့် ရာသီအကြို ခြေစမ်းပွဲတွင် နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ထို့ပြင် စပိန်ကလပ်အသင်းများနှင့် ဆက်လက်ခြေစမ်းကစားသွားမည်ဖြစ်ရာ ဇူလိုင် ၂၇ ရက်တွင် ဂျူဗင်တပ်စ်အသင်းသည် ဘာစီလိုနာအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ရီးရဲမက်ဒရစ်အသင်းတို့နှင့် ခြေစမ်းကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ကျွန်တော် ဦးခုန်းဂျီးဖူ(ခ)ရန်ရှောင် (ဘ) ဦးရီကွေး ၁၃/ကခန(နိုင်) ၀၁၇၃၅၇ မှ တရားဝင်ကိုယ်စားလှယ်အဖြစ်ရုံးလုပ်ငန်းဆိုင်ရာများ၊ ငွေသွင်းငွေထုတ်လုပ်ငန်း ဆိုင်ရာများ လုပ်ငန်းအဝဝကို ကျွန်ုပ်၏ကိုယ်စားလုပ်ပိုင်ခွင့်အာဏာအရပ်ရပ်ကို တရားဝင်ကိုယ်စားလှယ်အဖြစ် ဦးထွန်းရွှေ (ခ) ဦးရှီကျင် (ဘ) လောင်းအိုစ် ၁၃/တယန (နိုင်)၀၁၆၄၉၁နှင့် ဆလိုင်းပီထန်ဗန်းလျန် (ဘ) ဆလိုင်းဝုမ်ဇပြောင် ၄/ဖလန (နိုင်) ၀၄၀၉၉၃တို့အား ယနေ့မှစ၍ Nanya Myanmar International Group Co.,Ltd ၏ ၂၀၂၂ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဒါရိုက်တာဘုတ်အဖွဲ့ဆုံးဖြတ်ချက်အရ ခန့်အပ် တာဝန်ပေး ကိုယ်စားလှယ်လွှဲအပ်လိုက်ပါသည်။

ဦးခုန်းဂျီးဖူ(ခ) ရန်ရှောင်

ဥက္ကဋ္ဌ

Nanya Myanmar International Group Co.,Ltd

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရမည်းသင်းမြို့နယ်တရားရုံးတော်

၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၅၉

| | | |
|---|---|---|
| ဦးမောင်ပု | နှင့် | ဒေါ်ထက်ထက်လင်း |
| တရားလို | | တရားပြိုင် |

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ နယ်မြေ(၂)နေ တရားပြိုင် ဒေါ်ထက် ထက်လင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးမောင်ပုက အတိုးမဲ့ချေးငွေ ၅၀၀၀၀၀၀ဝိ/- (ကျပ်သိန်းငါးဆယ်) တိတိရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၃ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ငြိမ်းနု)

တွဲဖက်မြို့နယ်တရားသူကြီး(၁)

ရမည်းသင်းမြို့နယ်တရားရုံး

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်ကုန်းရပ်ကွက်နေ ဦးခင်မောင်ငွေ-ဒေါ်သန်းသန်းမြင့်တို့၏သား မောင်ရဲထက်မောင် ၁၁/စတန (နိုင်)၀၇၉၂၀၆ သည် မိဘ၏စကားကိုအကြိမ်ကြိမ်နာခံမှုမရှိခဲ့ပါသဖြင့် ယခုအချိန်မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျိုးကိုမှမိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ငွေ-ဒေါ်သန်းသန်းမြင့်

### ပတ်စ်ပို့ပျောက်

ကျွန်မ မအေးသီတာ ၈/နမန(နိုင်) ၂၅၁၅၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

### ပတ်စ်ပို့ပျောက်

ကျွန်မ မလှဝင်းရီ ၈/နမန(နိုင်) ၂၀၂၃၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1K/4317 Daihatsu hijet P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစန်းမောင် ၇/ရတရ(နိုင်)၀၁၄၃၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ခိုင်စိုးလင်း ၈/နမန (နိုင်)၂၅၃၆၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ) သည်ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါ ရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန်းစိုး ၈/နမန(နိုင်) ၂၄၁၆၈၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေ ရပ်ကွက်အမှတ်(၈)၊ အတွင်းရှုခင်းသာလမ်း၊ တိုက်ခန်းအမှတ်(၁၈)၊ အခန်းအမှတ် (၂၀၄)၊ ဒုတိယထပ် သုံးလွှာ(ခြေရင်းခန်း)အား တရားဝင်အပိုင်ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်သော ဒေါ်ကိုလွှန်ဒဲထရေဇာ ၁၂/ကတန(ပြု)၀၀၀၄၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောသက်သေ အထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့သတင်းစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းနွယ်(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၅/၄-၁၀-၂၀၂၁)

အမှတ်(၄၅၆)၊ ဗိုလ်ချိန်(၅)လမ်း၊ (၃)ရပ်ကွက်၊

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊

ဖုန်း-၀၉-၄၄၂၀၆၀၄၁၁၊ ၀၉-၉၇၇၁၇၀၇၄၁

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ဒေါ်လဲ့လဲ့ဝင်းရွှေ နှင့်
၁။ ဦးအောင်ကျော်မိုး(ကိုယ်တိုင်နှင့် (၂)တရားပြိုင်၏အခွင့်ရကိုယ်စားလှယ်)
၂။ ဦးသန်းစိုး
၃။ ဦးဆန်းဝင်း
၄။ ဒေါ်စန်းမြင့်ဦး (ခ) ဒေါ်ကုလားမ
၅။ ဦးမောင်မောင်အေး (၄င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်မြရီ)
၆။ ဒေါ်ဥမ္မာထွန်း
၇။ ဦးမျိုးမင်းထွန်း
၈။ ဒေါ်မြင့်မြင့်သန်း (ကိုယ်တိုင်နှင့် ၅၊ ၆၊ ၈ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်)
၉။ ဒေါ်အိအိချို
(၆ မှ ၉ - ကွယ်လွန်သူ ဒေါ်သန်းငွေ၏ တရားဝင် ကိုယ်စားလှယ်များ)

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အုန်းနဲ့ကုန်းကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူ/ဥဒဏကျေးရွာ၊ ဇီဇဝါလမ်း၊ အမှတ်-၂၇နေ (ယခု နေရပ်လိပ်စာမသိသူ) ဒေါ်စန်းမြင့်ဦး (ခ) ဒေါ်ကုလားမ၊ ဦးမောင်မောင်အေး၊ ဒေါ်ဥမ္မာထွန်း၊ ဦးမျိုးမင်းထွန်း၊ ဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်အိအိချို တို့ သိစေရမည်။

အထက်အမည်ပါ ဒေါ်လဲ့လဲ့ဝင်းရွှေက ဤရုံးတော်မှ အမှုရပ်စဲသွားခြင်းအပေါ် ပယ်ဖျက်၍ အမှုကိုဆက်လက်ဆောင်ရွက်ပေးပါရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၉အရလည်းကောင်း၊ ကွယ်လွန်သူ ဦးအောင်ကျော်မိုး၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အစ်ကိုအရင်းဖြစ်သူ ဦးသန်းစိုးကို ထည့်သွင်းသတ်မှတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၂ နှင့် ၄တို့အရလည်းကောင်း လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ရက်(၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင်တို့မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ဦးလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မင်္ဂလာဒုံမြို့နယ်တရားရုံး

## အများသိစေရန်ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျွန်းချောင်းမှန်တန်းကျေးရွာတွင်နေထိုင်သော ဦးကျော်ရွှေ ၉/မထလ(နိုင်)၂၃၈၅၄၇နှင့် ဒေါ်ခင်ငွေး ၇/ပတန(နိုင်)၀၀၅၄၀၂ တို့သည် ၅-၇-၂၀၂၀ ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦးလုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ငွေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၇၈၆၇
အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ ၁၇ရပ်ကွက်၊ ရွှေပေါက်ကံ ၊
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၄၁၂၅၆၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ကွင်းအမှတ်(၁၃/၄တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၃/၁)၊ မြေဧရိယာ၀ ဒသမ ၂၈၇ကေရှိမြေကွက်အား ဦးဖော်ဝမ်အမည်ဖြင့် ၁၉-၂-၂၀၄၇ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးဖော်ဝမ်ထံမှ ဒေါ်ယိန်းနာမ်က ၂၆-၄-၂၀၂၂ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၅၃/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်သဖြင့် ဒေါ်ယိန်းနာမ်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အသိပေးကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ ထုံးကုန်းကျေးရွာအုပ်စု၊ ထုံးကုန်းရပ်ကွက်၊ ရွာမြေ(၃)ကေ အကျယ်အဝန်းရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား တရားဝင်ပိုင်ဆိုင်သူဟု အဆိုပြုသူများဖြစ်ကြသောဦးဇော်ဇော်အောင်(ဘ)ဦးစိုးလွင် ၁၂/လမတ(နိုင်)၀၃၁၄၁၉ (ပါ-၃)ဦးတို့က ဒေါ်ခင်ငြိမ့်ငြိမ့်ထွန်း (ဘ)ဦးသန်းထွန်း၅/ခတန(နိုင်)၀၁၆၃၈၈ထံသို့ ရောင်းချရာ ၂၅-၅-၂၀၁၇ရက်တွင် မြေကွက်တန်ဖိုးများအားလုံးကို အပြေပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ၂၅-၅-၂၀၁၇ရက်စွဲပါ မန္တလေး နေ့စဉ်သတင်းစာတွင်အများပြည်သူသိစေရန်ကြော်ငြာပြီးလည်းဖြစ်ပါသည်။ ယခုအခါ ၎င်းအစ်မဖြစ်သူ ဒေါ်ခင်သိမ့်သိမ့်ထွန်းကို မြေကွက်အားလုံး လွှဲအပ်ပေးပြီးဖြစ်သည်။ ဤမြေကွက်နှင့်ပတ်သက်၍ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ပါက ကျွန်မ ဒေါ်ခင်သိမ့်သိမ့်ထွန်းအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ခင်သိမ့်သိမ့်ထွန်း
လိပ်စာ-ကောင်းမှုတုံရပ်ကွက်၊ မူဆယ်
ဖုန်း-၀၉-၄၀၀၄၇၇၇၇၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8377 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/5738၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်

## မွန်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မော်လမြိုင်မြို့ ရာမညတိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာအား ပြည်သူများ ကျန်းမာကြံ့ခိုင်ရန်နှင့် စိတ်အပန်းဖြေနိုင်ရေးအတွက် အဆင့်မြှင့်တင်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်ခြင်းကို စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် အချိန်၊ နာရီ | - ၂၇-၇-၂၀၂၂ ရက်မှ ၉-၈-၂၀၂၂ ရက်အထိ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ |
| (ခ) | တင်ဒါလျှောက်လွှာတန်ဖိုး | - ၆၀၀၀၀ ကျပ် |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက် အချိန် ၊ နာရီ | - ၁၁-၈-၂၀၂၂ ရက်၊ (ကြာသပတေးနေ့) ၁၆:၃၀ နာရီ |
| (ဃ) | နေရာ | - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အင်တိုင်းသာရပ်)၊ ဦးပိုင်အမှတ်(၅/၃၄၈)၊ မြေဧရိယာ ၀ဒသမ ၀၉၇ကေရှိ အစိုးရမြို့မြေကွက်အား ဒေါ်သီသီ(ဘ)ဦးဘိုးထောင် ၉/လဝန(နိုင်)၀၃၂၆၉၆မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင် သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၅၁)၊ မြေဧရိယာ၀ဒသမ၁၁၁ကေရှိ ဦးသာဗျောအမည်ပေါက် မြို့မြေကွက်အား ဦးကျော်ကျော်ဟန်(ဘ)ဦးသာရွှင်၉/လဝန(နိုင်)၁၅၂၁၈၈ မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံမြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ် (၁၇၉/၁၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ပါမစ်မြေကွက်အား ဒေါ်အိမွန်မွန်စိုး ၈/ရနခ(နိုင်)၀၇၈၇၅၄မှ ပျဉ်းမနားမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## သထုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၄

ဦးသန်းထွဋ်အောင် နှင့် ဒေါ်ထွေးပျို
တရားလို — တရားပြိုင်

ဘီးလင်းမြို့နယ်၊ ကျားကွင်းကျေးရွာနေ ဒေါ်ထွေးပျို(ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်တစ်ရာတစ်ဆယ့်သုံးသိန်းတိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်(၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိမ့်သိမ့်အေး)
ဒုတိယခရိုင်တရားသူကြီး(၁)
သထုံခရိုင်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၈၈/၈၆) တွင်နေထိုင်သော (ဘ) ဦးညွန့်တင်၏သား ဦးသက်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၁/စတန (နိုင်) ၀၀၆၃၁၇ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ဦးသက်ဦးနှင့် ဒေါ်လှလှအေးမှာ ဇနီးမောင်နှံများဖြစ်ကြပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၃-B)၊ လိပ်ကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၄/၅)၊ ဧရိယာ (၅. ၈၂) ဧကရှိ လယ်မြေအား ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်လှလှအေး (ဘ) ဦးအောင်မောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/မဘန (နိုင်) ၀၀၅၅၈၇ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိထားပါသည်။ ဒေါ်လှလှအေးသည် (၃၁. ၁၂. ၂၀၁၈) ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သောကြောင့် ဒေါ်လှလှအေးပိုင်ဆိုင်သော အထက်ပါပစ္စည်းများကို ခင်ပွန်းဖြစ်သူ ဦးသက်ဦးမှ ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်-၃၅ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၇) အရ လျှောက်ထားရာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ အမွေဆက်ခွင့်လက်မှတ် ထုတ်ပေးထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါပစ္စည်းများမှာ ဦးသက်ဦးတစ်ဦးတည်း လက်ရှိထား ပိုင်ဆိုင်သောပစ္စည်းများဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်၍ အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထက်ပါပစ္စည်းများနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့်လည်းကောင်း၊ အခြားခိုင်လုံသော အထောက်အထားမူရင်းများဖြင့်လည်းကောင်း ယခုကြော်ငြာစာပါသည့်နေ့မှ ရက်သတ္တပါတ်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ပါပစ္စည်းများနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းဖြင့်လည်းကောင်း၊ အခြားခိုင်လုံသည့် အထောက်အထားမူရင်းဖြင့်လည်းကောင်း ကန့်ကွက်ခြင်းမဟုတ်ဘဲ တမင်နှောက်ယှက်ကန့်ကွက်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူမည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသက်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ခင်သီတာအောင် (LL.B) | ဦးချစ်သဲမောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၄) | အထက်တန်းရှေ့နေ (စဉ်-၅၂၅၉၉) |
| လိုင်စင်ရသည့်နေ့ (၁၆. ၁၁. ၂၀၁၇) | လိုင်စင်ရသည့်နေ့ (၂၇. ၄. ၂၀၂၀) |
| အမှတ်-၇၉ (C)၊ သီရိမင်္ဂလာလမ်းသွယ် (၈)၊ | အမှတ် (၁၀၄၁/ခ)၊ နဂါးနီလမ်း၊ |
| ဂျပန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။ | (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၅/၁၊ ဝက်ကုန်းရပ်)ဦးပိုင်အမှတ်(၄၆/၄က)၊ မြေဧရိယာ ၀ ဒသမ ၀၆၈ကေရှိ မြေကွက်အား ဦးစိန်လွင်လေးအမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန် အမည်ပေါက်သူ ဦးစိန်လွင်လေးထံမှ ဦးလှထွန်းအောင်က ၁-၁-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလှထွန်းအောင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် ၄-၄-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာအမှတ်(၂၆၉/၂၀၂၂)ကို ၅-၄-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၁၄၀/၂၀၂၂)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၁၊ စီတာပူမြောက်)၊ ဦးပိုင်အမှတ်(၄/၁+၄/၂)၊ မြေဧရိယာ ၄ ဒသမ ၇၆၀ ကေရှိမြေကွက်အား ဦးလုတ်မြန်ဘွမ်ယွန်(ခ)ဘွမ်ယွန်အမည်ဖြင့် ၂၂-၂-၂၀၄၆ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး ဦးလုတ်မြန်ဘွမ်ယွန်(ခ)ဘွမ်ယွန်ထံမှ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အများပိုင်ကုမ္ပဏီလီမိတက်က ၂၅-၁-၂၀၂၂ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၃၆/ ၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အများပိုင်ကုမ္ပဏီလီမိတက်အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားရန်အတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/14110 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5642 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/9098 FORD RANGER Pickup (4x4)R Open (Cab) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေ ၁၂/ထတပ(နိုင်)၀၇၀၈၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(အေ)၊ တိုက်အမှတ် (အေ-၁)အခန်းအမှတ် (၆၁၇)၊ Type(B)၊Area(၉၀၅)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်ကြည် ၁၂/ရကန(နိုင်)၀၄၉၃၈၃နှင့် ဦးတင်ဝင့်မော် ၁၂/ရကန(နိုင်)၀၇၀၄၀၀ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း များနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှသန်းမိုး၊ ဒေါ်စောသွယ်အေး
၁၂/သကတ(နိုင်)၁၃၈၀၃၃၊ ၁၂/တမန(နိုင်)၁၀၁၆၄၉
ဖုန်း-၀၉-၄၂၁၀၅၈၆၉၁၊ ၀၉-၉၇၅၇၇၅၇၂၇၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာအုပ်စု၊ ကော့ဘိန်းကျေးရွာနေ ဦးချစ်အောင် (ဘ)ဦးဒေါင်း ၃/ဘအန(နိုင်) ၁၈၅၅၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးချစ်အောင်၏သမီး မိသိင်္ဂီချမ်း ၃/ဘအန(နိုင်)၃၅၅၈၂၅သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘ၏ သဘောဆန္ဒများနှင့် ဆန့်ကျင်စွာ အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် ယနေ့ကြေညာသည့်ရက်မှစ၍ တရားဝင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေနန်းထိုက်
အထက်တန်းရှေ့နေ
အမှတ်(၂)၊ သိပ္ပံလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၉-၄၂၅၂၆၁၁၈၄

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်နိုင်
### အသက်(၈၆)နှစ်

ဗိုလ်ကြီး မျိုးမြင့်နိုင်(ငြိမ်း)-ဒေါ်နှင်းနှင်းဥတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မြင့်မြင့်နိုင်သည် ၂၃-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Blue Ocean နှင့် Blue Planet Company ၏ Director ဖြစ်သူဦးသက်လင်းဦး ၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သီရိတင့် အသက်(၇၇)နှစ်သည် ၂၅-၇-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၀၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ Blue Ocean နှင့် Blue Planet Company မှဝန်ထမ်းများမှ ထပ်တူဝမ်းနည်းပူဆွေးရပါကြောင်း နှင့် ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Chairman ဦးထွန်းထွန်းနိုင်-ဒေါ်ယဉ်မင်းဦး မိသားစု**
**Blue Ocean & Blue Planet မှ ဝန်ထမ်းများအားလုံး**

---

## ဝမ်းနည်းကြောင်းနှင့်ကျေးဇူးတင်ကြောင်း
## ဦးပြုံးချို(စီမံဌာနမှူး-ငြိမ်း)
### အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်မြို့)
### အသက်(၆၃)နှစ်

ဒေါ်မြဝင်း၏ခင်ပွန်း၊ မောင်သော်ဇင်ဝင်းနှင့် မသော်တာစန်းတို့၏ ဖခင်သည် ၂၄-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲမိပါကြောင်းနှင့် မကျန်းမာစဉ်က ပြုစု စောင့်ရှောက်ခဲ့သော ဆွေမျိုး မိတ်ဆွေများနှင့် ပန်းလှိုင် အထူးကုဆေးရုံ၊ ရွှေပုပ္ပါးဆေးရုံနှင့် ချမ်းမြေ့အထူးကုဆေးရုံတို့မှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ကိုဇာနည်မင်းလွင်
### အသက်(၃၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာ၊ အမှတ်(၄၇)နေ ဦးမင်းလွင်-(ဒေါ်စန်းစန်းရီ)တို့၏ သားလတ်၊ ဒေါက်တာပြည်စိုးကိုကို-မယမင်းလွင်တို့၏မောင်၊ မကေခိုင်လွင်၏အစ်ကို ကိုဇာနည်မင်းလွင် အသက်(၃၄)နှစ်သည် ၂၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် (ဇွ၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးအပေါင်းအသင်း မိတ်ဆွေအားလုံးကို အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၄၉နေ ကျွန်မ ဒေါ်ဖရီဒါ(ခ) ဒေါ်အေးအေး မြင့်(ဘ)ဂျီအိပ်အမ်စူစီပါလာ ၁၂/သဃက (နိုင်)၁၁၈၁၁၄ လွှဲအပ်သူသည် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေ ထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၁၈၄၄၅/၂၀၁၉)ဖြင့် ၁-၄-၂၀၁၉ရက်တွင် ရန်ကုန် တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မြို့နယ်၊ (င/က)ရပ်ကွက်၊ ညီညွတ်ရေးလမ်းသွယ်၊ အမှတ် ၂၄၈နေ ဦးခင်မောင်လေး(ဘ) ဦးတင်လှ ၁၂/ဗဟန(နိုင်)၀၈၉၈၂၅ လက်ခံယူသူသို့ အထွေ ထွေကိုယ်စားလှယ်လွှဲစာတစ်စောင်ပေးအပ်ခဲ့ပါသည်။ ယခုအခါ တရားရုံးတွင်ရှိနေသော တရားမမှုများကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ဘဲ သွေးရင်းသားရင်းဖြစ်သူ များနှင့် ညှိနှိုင်းပြေလည်ခဲ့ကြပြီးဖြစ်ပါ၍ ဦးခင်မောင်လေး သို့ လွှဲအပ်ထားခဲ့သော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ တစ်ဖက်သတ် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဖရီဒါ(ခ) ဒေါ်အေးအေးမြင့်**

---

## ဒေါ်မေလွင်လွင် နှင့်အများသိစေရန် ကြေညာခြင်း

ဒေါ်လေးနွယ်(ဘ)ဦးကမာ ၁၃/လရန(နိုင်)၀၇၈၂၂၅ လားရှိုးမြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် (၃)ရပ်ကွက်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ (၈) ရပ်ကွက်၊ အမှတ် ၁၁၈၊ ဦးပိုင်အမှတ်(၉၂)၊ မြေဧရိယာ ၀ဒသမ ၀၆၅ရှိ မြေသည် ကွယ်လွန်သူ (ဦးကမာ)၏ ပိုင်ဆိုင်သော အိမ်ခြံမြေကွက်ဖြစ်ပါသည်။ ဦးကမာ (ကွယ်လွန်)တွင် ပထမ အိမ်ထောင်ဖြင့် သား/သမီး (၃)ဦး၊ ဒုတိယ အိမ်ထောင်ဖြင့်(၁)ဦးမွေးဖွားခဲ့ပြီး ဦးခင်မောင်ကြီး(ကွယ်လွန်)၊ဇနီး ဒေါ်ကြည်ကြည်အေး၊ ဒေါ်လေးနွယ်၊ ဒေါ်ခင်မလေး၊ ဒေါ်မေလွင်လွင် တို့သည် တရားဝင် အမွေဆက်ခံခွင့်ရရှိသူများဖြစ်ကြပါသည်။ ၎င်းမိဘပိုင် အမွေဆိုင် အိမ်၊ ခြံမြေအား အမွေဆက်ခံသူ တစ်ဦးတစ်ယောက် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းလင်း- LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၇/၂၀၁၆)**
**တိုက်(၆/၃၀၆)၊ယုဇန အိမ်ရာ(အပိုင်း-၂)**
**မြသီတာလမ်း၊ (၉၂)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်**

---

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ ရှမ်းကျောင်းလမ်းနေ ကျွန်မ ဒေါ်အိသန္တာစိုး ၁၃/တကန(နိုင်) ၂၈၉၈၂၂နှင့် ဦးပြည့်စုံအောင် ၁၃/မဆန(နိုင်)၀၄၆၅၈၄တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ဦးပြည့်စုံအောင်သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုမူခြင်းကြောင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများသည် ကျွန်မနှင့် မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသန္တာ ၁၃/တကန(နိုင်)၂၈၉၈၂၂**

---

## ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်တင်တင်(ခ)ကျန်းလင်လင်
### တက်သစ်စမူကြို ကျောင်းအုပ်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၅၇၄ နေ (ဦးချစ်တင်-ဒေါ်ရင်)တို့၏သမီးကြီး၊ ဦးလှဝင်းအောင်(ညွှန်ကြားရေးမှူး၊စီးပွားကူးသန်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ညွှန့်ညွှန့်၊ ဦးစိုးကြည်-ဒေါ်ဟွာ၊ ဦးစိုးရှင်-ဒေါ်မြမြအေး၊ ဒေါ်ခင်စန်းရီ၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းငွေ၊ ဦးညွှန့်ဝေ-ဒေါ်ခရစ္စတင်းချစ်၊ ဦးစိုးအောင်-ဒေါ်ခင်မိုးနွယ်တို့၏အစ်မကြီး၊ ဦးခင်မောင်လတ်-ဒေါ်သီတာအောင်၊ ဦးမျိုးဇော်အောင်-ဒေါ်ခင်မူ၊ ဦးသန်းထိုက်-ဒေါ်စန္ဒာအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်တင်တင်သည် ၂၄-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့)ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သီရိတင့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ်(J-63), FMI Cityနေ (ဦးစံတင့်-ဒေါ်ခင်သန်းတင့်)တို့၏သမီး၊ ဦးတင် အောင်-(ဒေါ်ကြည်ကြည်တင့်)၊ ဦးမောင်မောင်တင့်-Martine Tint၊ ဦးကျော်လွင်-ဒေါ်ခင်ဆွေတင့်တို့၏ညီမ၊ (ဒေါ်ဥမ္မာတင့်)၏အစ်မ၊ (ဦးဘ ဥာဏ်)၏ဇနီး၊ ဦးသက်လင်းဦး-ဒေါ်နီလာမြင့်၊ ဦးနေလင်းဦး-ဒေါ်အဠလီမိုးတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မပွင့်မြတ်ဖြူ၏ချစ်လှစွာသောအဘွား၊ တူ၊ တူမရှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၅-၇-၂၀၂၂ရက် နံနက် ၀၀:၁၅နာရီတွင် GRAND HANTHA HOSPITAL၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် (၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/၂၈)၊ ဧရိယာ(၀ဒသမ၁၁)ဧကရှိမြေကို ဦးတိုးပြည့်ကို ၉/အမဇ(နိုင်) ၀၂၀၃၀၅အမည်ဖြင့် ဂရန်သစ်ပြုလုပ်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာ ဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၄၉နေ ကျွန်မ ဒေါ်ဖရီဒါ(ခ) ဒေါ်အေးအေးမြင့်(ဘ)ဂျီအိပ်အမ်စူစီပါလာ ၁၂/သဃက (နိုင်)၁၁၈၁၁၄ လွှဲအပ်သူသည် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၇၆၄/၂၀၂၂)ဖြင့် ၁၃-၁-၂၀၂၂ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၄၉နေ မိုဟာမက်အီလီယာ(ခ)ကျော်ကျော်(ဘ)ဦးသိန်းအောင် ၁၂/သဃက(နိုင်)၁၄၇၂၃၀ လက်ခံယူသူသို့ အထွေထွေကိုယ်စားလှယ်လွှဲစာတစ်စောင် ပေးအပ်ခဲ့ပါသည်။ ကျွန်မကျန်းမာရေးမကောင်းသဖြင့် ကျွန်မကိုယ်တိုင် သွားလာဆောင်ရွက်နိုင်ခြင်းမရှိခဲ့၍ မိုဟာမက်အီလီယာ(ခ)ကျော်ကျော်အား လွှဲအပ်ပေးခြင်းဖြင့် ဆောင်ရွက်စေခဲ့ရာတွင် အဆင်ပြေမှုမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်မနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ကျွန်မကိုယ်တိုင်သာလျှင် ဆောင်ရွက်တော့မည်ဖြစ်ပါသောကြောင့် ၎င်းအား လွှဲအပ်ပေးထားခဲ့သော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ တစ်ဖက်သတ် ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဖရီဒါ(ခ) ဒေါ်အေးအေးမြင့်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုမာဝင်း ၁၀/မလမ(နိုင်) ၀၀၉၅၀၈၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအ တိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သံဒင်း(၄၇)(ယခုအခေါ် ၁၉/၄၇)သရဖီ(၁)လမ်း၊ မြေကွက်အမှတ်(၅၈၁/က) ဟုခေါ်တွင်သော မြေဧရိယာ(အလျား ပေ ၂၀ x အနံ ပေ ၆၀)ရှိ မြေကွက်သည် လှိုင်မြို့နယ်၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်း (အိမ်ငှား) ယာယီမြေချဇယားစာရင်းအမှတ်(၂၅၉)ဖြင့် ဒေါ်ချိုချိုမာ (HLG. ၀၁၃၅၇၇)မှ တရားဝင်အမည်ပေါက်အဖြစ်မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ ရေ-မီးအပြည့်အစုံ အုတ်ညှပ်(၂) ထပ်နေအိမ် (၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူ ပြီး အပေါင်အနှံအရှုပ်အရှင်းလုံးဝကင်းရှင်းသဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဦးသိန်းစောထွန်း ၁၁/သတန (နိုင်) ၀၈၁၀၃၄၏ ကိုယ်စား ဒေါ်စံနုမေ ၁၁/သကန(နိုင်) ၀၆၉၀၄၃ထံမှ အဆိုပါမြေကွက်နှင့် နေအိမ်တို့အား အပြီးအပိုင်လွှဲပြောင်းဝယ် ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဦးသိန်းစောထွန်း၏ ကိုယ်စား ဒေါ်စံနုမေထံသို့ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင် မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ချိုမာဝင်း** | | |
| **၁၀/မလမ(နိုင်)၀၀၉၅၀၈** | **ဦးအောင်နိုင်စိုး(LL.B)** | **ဒေါ်ဇင်ဇင်နိုင်(LL.B,D.B.L)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၉၈၈၂)(၂၉-၄-၂၀၁၄)** | **(စဉ်-၁၄၀၉၂)(၁၆-၁-၂၀၁၈)** |

**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉**

---

## ဦးခင်မောင်ဝင်း
## ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
## ပြည်တွင်းအခွန်များဦးစီးဌာန
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ ၂၂လမ်း၊ အမှတ် ၄၁နေ (ဦးသိန်းအောင်-ဒေါ်သန်း)တို့၏သား၊ (ဦးပွေး- ဒေါ်ဝင်း)တို့၏သားသမက်၊ ဒေါ်ခင်ခင်ကြီး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဖေယျာဝင်း၊ဒေါက်တာ မီမီကျော်တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၄-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့)ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃၀-၇-၂၀၂၂ရက်(စနေနေ့) နံနက် ၇:၃၀နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အများသိစေပါရန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ပရ်ဝင်း (ခ) မခင်သန်း (၁၂/ဒဂတ (နိုင်) ၁၃၅၀၆၂) (ဘ) ဦးဟူဆောင်းအာမတ် နှင့် ဆာဒတ်ဟူဆင်း (၁၁/စတန (နိုင်) ၁၃၈၃၈၉) (ဘ) ဦးဟာရှိမ်းတို့သည် အစ္စလာမ်တရားတော်မြတ်နှင့် စွန္နီဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၂၀၁၆-ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့တွင် ခင်ပွန်းဖြစ်သူ ဆာဒတ်ဟူဆင်း ၏နေအိမ်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ်(၇၀)နေအိမ်တွင် နေကာဟ်မင်္ဂလာစာချုပ်၌ အသိသက်သေများရှေ့တွင်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ အကြီးအကဲများရှေ့တွင်လည်းကောင်း၊ အကြင်လင်မယားအဖြစ်ပေါင်းသင်းလာခဲ့ရာမှ သားကြီးဖြစ်သူ မောင်မြဝေယံထွန်း (၆)နှစ် နှင့် သားငယ်ဖြစ်သူ မောင်မြဝေယံလင်း (၂)နှစ်တို့ကို ထွန်းကားမွေးဖွားခဲ့ပါသည်။

ဤသို့ လက်ထပ်ပေါင်းသင်းစဉ် ဖော်ပြပါ ခင်ပွန်းဖြစ်သူမှ ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူ ခွင့်ပြုချက်ကို တောင်းခံရယူခြင်းမပြုပါဘဲလျှက် အခြားအမျိုးသမီးနှင့် လက်ထပ်ပေါင်းသင်းကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေသည်သာလျှင် ဆာဒတ်ဟူဆင်း ၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါကြောင်းနှင့် ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေမှ ထိုကဲ့သို့ ဆာဒတ်ဟူဆင်း ၏ အိမ်ထောင်ရေးဆိုင်ရာပြုမူချက်များသည် ကျွန်ုပ်တို့မိတ်ဆွေ၏ ကြိုတင်ခွင့်ပြုချက်၊ သဘောတူညီချက်၊ အားပေးကူညီချက်များ လုံးဝ ပါရှိခြင်းမဟုတ်သည့်အပြင် သဘောတူညီခြင်းမရှိပါကြောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ရက်စွဲ။ ၂၀၂၂-ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်။

(လှ မြင့်) မင်းတုန်း ၊ စဉ်-၁၃၁၅/၃၂
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၇၃၄၆၂၁၀၀

---

## ဦးမျိုးမြင့်အောင် ၅/ဝလန(နိုင်) ၁၁၆၅၉၈နှင့် အများသိစေရန် ကြေညာခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ အငှားဝယ်ယူစနစ်ဖြင့် (Faw 10 Ft Truck 5R/ 7056)ကို ဝယ်ယူထားသော ဦးမျိုးမြင့်အောင် ၅/ဝလန(နိုင်)၁၁၆၅၉၈ သည် အရစ်ကျငွေများကိုပေးသွင်းရန် ကာလရှည်ကြာ ပျက်ကွက်ခဲ့ပါသည်။ သို့ပါ၍ဘဏ်နှင့် သဘောတူညီချက်အရ ယခုဖော်ပြပါကားသည် ဦးမျိုးမြင့်အောင်ထံတွင်ရှိနေသည်ဖြစ်စေ၊ တစ်ခြားသူ၏ လက်ဝယ်တွင်ရှိနေသည်ဖြစ်စေ ကြော်ငြာစာပါပြီး ၁၄ရက်အတွင်း ဘဏ်သို့ ယင်းမော်တော်ကားအားလာရောက်အပ်နှံရန် (သို့) ဆက်သွယ်ဆွေးနွေးရန်။ ယခုကြော်ငြာပါ အတိုင်း ဦးမျိုးမြင့်အောင်ကိုယ်တိုင်မှဖြစ်စေ၊ ကားလက်ဝယ်ရှိသူမှ ဖြစ်စေဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဘဏ် မှအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(တ-၄၁)၊ (၁၅)ရပ်ကွက်၊ မဥ္ဇူ(၄)လမ်း၊ မြေကွက် အမှတ်(၁၁၁၆/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x၆၀)မြေချပါမစ်မူရင်းမြေကွက်သည် ၁၉၉၂ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသည့် ကျွန်ုပ်မိတ်ဆွေဦးကျော်ညွန့်၏ဖခင် ဦးတင်ရွှေ ၁၂/တမန(နိုင်) ၀၁၈၉၄၂ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးကျော်ညွန့်တို့ မိသားစုဝင်များသည် အဆိုပါမြေကွက်ပေါ်တွင် မြေကွက်ချထားခံရသည့် ခုနှစ်မှစ၍ ယခုအချိန်အထိ နေထိုင်ရင်း ဖခင်ဖြစ်သူသည် ၁၉၉၇ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ယင်းမြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများသည် ၂၀၁၂ခုနှစ်တွင် ပျောက်ဆုံးသွားခဲ့ပြီး ၂၀၁၅ခုနှစ်တွင် ယင်းမြေကွက်၏ ခြေရင်းဘက်ပါမစ်မိတ္တူခြမ်း ပေ(၁၀x၆၀)အား ခွဲ၍ရောင်းချခဲ့ပြီးဖြစ်ရာ ကျန်ရှိနေသည့်ခေါင်းရင်းဘက်ပါမစ်မူရင်းခြမ်းပေ (၁၀x၆၀)အား လက်ရှိထားကာရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိထားသူ ဦးကျော်ညွန့် ၁၂/တမန(နိုင်) ၀၁၉၁၃၇ထံမှ ဒေါ်စိုးစိုး ၁၂/ရပသ(နိုင်) ၁၂၅၄၃၂၈က စာရွက်စာတမ်း မူရင်းများပျောက်ဆုံးကြောင်းသိရှိလက်ခံပြီး အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက ဤအရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကေသီမွန်**
**အထက်တန်းရှေ့နေ(စဉ်-၅၂၈၆၈)**
**အမှတ်(၁၃၇၀)၊ မင်းရဲကောင်းပုံလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၄၄၃၂၂၄၁၅၆၊ ၀၉-၉၆၃၃၀၀၄၉၈**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၇-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်သူ၊ ဒေါ်တင်ဇာ အေးကိုတို့၏ ကန့်ကွက်နိုင်ပါသည် ကြော် ငြာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၅) အစား **ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ကျွန်တော် ဦးနေလင်း၏ သမီး မဇူးဇူး၏ အမည်မှန်မှာ မဖူးပွင့်ဇူဇီမောင် ဖြစ်ပါကြောင်း။

**မဖူးပွင့်ဇူဇီမောင်**

---

## မွေးသက္ကရာဇ်အမှန်

ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီး အုပ်စု ရွာသစ်ကြီးရွာနေ ဦးအောင်ဝင်း ၏သား မောင်ကျော်သက်နိုင် ၇/ပတတ (နိုင်) ၁၁၃၅၆၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၇-၁၉၉၃ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁) ရပ်ကွက်၊အကွက် အမှတ်(၇)၊ ငါးအောက်ချောင်းအကွက်၊ ဦးပိုင် အမှတ်(၆/၁)၊ မြေဧရိယာ ၀ဒသမ ၁၃၀ ဧက၊ ဦး ပိုင်အမှတ်(၇/၁)၊ မြေဧရိယာ ၀ဒသမ၀၃၈ ဧကနှင့် ဦးပိုင် အမှတ်(၈/၁)၊မြေဧရိယာ ၀ဒသမ၀၁၀ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ဥမ္မာဒန္တီ (၅)လမ်း၊ အိမ်အမှတ်(၈၀)နေ ဦးဝင်းရွှေမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့် ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခု ပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီးသတ်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၂၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

## ပြည်ကြီးတံခွန်မြို့နယ်ရှိ မောသစ်ရွှေဆိုင်အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့်ငွေများ လုယက်ယူဆောင်

နေပြည်တော် ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မောသစ်ရွှေဆိုင်အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့် ငွေများ လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆

ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေဆိုင်အား လုယက်မှု မှတ်တမ်းဓာတ်ပုံ။



ဦးဖြိုးမင်းစိုး(ဒဏ်ရာရ)

## ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အရေးပါသည့် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် လိုအပ်သည့် အခြေအနေများ

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

၂။ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ ကျင့်သုံးလိုက်နာဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ပါအခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန်

*စာမျက်နှာ ၉ ကော်လံ ၁* ❖

ယနေ့ သတင်းအညွှန်း

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများ ဆောင်းပါး စာ - ၁၀

ကန့်ကြီးထောင့်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး ပြည်တွင်းသတင်း စာ - ၁၈